ကောင်းဆုသာ တာပေ

# အညို

## အညိုရဲ့ အညို

(ပထမဆုံး ဝတ္ထုတို စုစည်းမှု)



# အညိုရဲ့ ညှို့ချက်

အခုတလော ကျွန်မဆီကို အမှာစာ ရေးပေးဖို့ စာမူတွေ ရောက်လာလေ့ရှိပါတယ်။ ကျွန်မ စိတ်ထဲ ဘယ်တုန်းကများ အမှာစာ ရေးတဲ့ အရွယ်ကို ရောက်သွားပါလိမ့်လို့ စဉ်းစားနေမိပါတယ်။ အမှာစာဆိုတာ စာရေးသူနဲ့ စာဖတ်ပရိသတ်ကို ပေါင်းကူးမိတ်ဆက်ပေးတဲ့ စာပါပဲ။ ကျွန်မ တို့ ကလောင်သက်နုစဉ်ကလည်း ဒီလိုပဲ ကိုယ်ချစ်ခင် လေးစားရတဲ့ ဆရာ ကြီး၊ ဆရာမကြီးတွေကို အပူကပ်ပြီး အကူအညီတောင်းခဲ့တယ် မဟုတ်လား…။

ဆရာမကြီး လူထုဒေါ်အမာ၊ ဆရာ လူထုစိန်ဝင်း၊ ဆရာမကြီး (ဒေါ်)ခင်နှင်းယု၊ ဆရာမကြီး (ဒေါ်) ခင်ဆွေဦး၊ ဆရာ မိုးဟိန်း (သားဂျာနယ်ကျော်)တို့ဆီက အလွန် တန်ဖိုးရှိလှတဲ့ အမှာစာတွေကို ရယူ ခဲ့ဖူးပါ တယ်။ ကျွန်မရဲ့ '' လှိုင်းနှစ်ထပ် ပင်လယ် '' ဝတ္ထုအတွက် အမှာစာ အချက်အလက်တွေ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ သွားရှာရင်း၊ ဆရာ မကြီး (ဒေါ်)ခင်နှင်းယု ကျွန်မတို့အခေါ် 'စုမေ' တစ်ယောက် ဖျားနာတဲ့ ဆီ ရောက်ခဲ့ဖူးပါတယ်။ အဲဒီ ကနေ တောက်လျှောက် ကျန်းမာရေးမကောင်းလိုက်တာ စုမေ လှိုင်းနှစ်ထပ်ပင်လယ်ကို မမြင်သွားရရှာပါဘူး။

'' ကမ်းလှည့်ဆွတ်မီ '' ဝတ္ထုရေးပြီးတော့လည်း ဆရာမကြီး(ဒေါ်) ခင်ဆွေဦး ကျွန်မတို့အခေါ် 'မေဦး'ကို အပူကပ်ပြန်ပါတယ်။ ဝတ္ထုကရှည်တော့ မေဦးခမျာ ဒုက္ခရောက်ရှာတာပါ။ မေဦးရဲ့ ပင်ကိုယ်စရိုက်တစ်ခုက ငိုက်မြည်းလွယ်တယ်။ အားလုံးစုပြီး စကားပြောနေတဲ့ စကားဝိုင်းမှာတောင် မေဦးက ငိုက်ချင် ငိုက်သွားတာ။ အဲဒါကို မမေ့မလျော့ အမှာစာထဲမှာ အိပ်ငိုက်သွားလို့ လွတ်သွားတာရှိရင် သည်းခံပါလို့ ထည့်ရေးသေးတာပါ။

ကျွန်မ အခုမှ မေဦးကို အားနာရမှန်း သိတော့တယ်။ ကျွန်မ ဝတ္ထုက ဆလုံလူမျိုးတွေရဲ့ စီးဆင်းရာလမ်းကြောင်းနဲ့ တနင်္သာရီ တစ်တိုင်း လုံးကို

မွေထားလေတော့၊ မေဦး ငိုက်မယ်ဆိုလည်း ငိုက်စရာပေ့ါ။ ဒါပေမဲ့ ဒီဝတ္ထုနဲ့ပတ်သက်ပြီး အားနည်းချက် အားသားချက်တွေ ဝေဖန်ထောက် ပြထားတဲ့ မေဦးရဲ့ အမှာစာကောင်းတစ်ပုဒ်ကို ထိုက်ထိုက်တန်တန် ရလိုက်ပါတယ်။ အလွန် ကျေးဇူးကြီးတဲ့ အမှတ်တရ မှတ်တိုင်တစ်ခုပါပဲ။

ကြုံလို့ ဆက်ပြောရရင်တော့ ကျွန်မ တန်ဖိုးထားလှတဲ့ မေဦးရဲ့ အမှာစာဟာ စာပေစီစစ်ရေးရဲ့ ခုတ်ပိုင်းဖြတ်တောက်မှုကို ခံလိုက်ရတာ ရင်နာစရာ ကောင်းလှပါတယ်။ အဲဒီ မှာ တိုင်းရင်းသားကိစ္စတွေ ပါတယ်။ ခေတ်ရဲ့အရွေ့၊ တနင်္သာရီတိုင်းရဲ့ ကုန်စည်စီးဆင်းရာ လမ်းကြောင်းပေါ်က ခက်ခဲကြမ်းတမ်းတဲ့ ဖြတ်သန်းမှုတွေပါတယ်။ ဒီအပေါ်မှာ မေဦးသုံး သပ်ထားတာတွေ ပရိသတ် ဖတ်ခွင့်မကြုံတော့ဘူးပေ့ါ။ အနုပညာကို ကန့် သတ်ချုပ်ချယ်ထားပြီး ဘောင်တစ်ခုထဲမှာ ပိတ်လှောင်ထားတဲ့ မွန်းကျပ်ကျပ် အမှောင်ခေတ်ဟာ စာပေနယ်မှာ အမှန်တကယ်ပဲ ရှိခဲ့တာပါ။

အခုလို အတန်အသင့် ပွင့်လင်းလာတဲ့အခါ ကျွန်မဆီ အမှာစာ ရေးဖို့ စာမူတွေ ရောက်လာရင် ငြင်းပယ်ဖို့ အားနာမိပြန်တယ်။ ဒီအလုပ် ဟာ ကျွန်မတို့ မလွဲမသွေ လုပ်ကို လုပ်ရမယ့် အလုပ်ပါလားလို့ နားလည် လာပြန်ပါတယ်။ ' အမှာစာ ' ရေးတယ်ဆိုတာ တာဝန်လည်း ကြီးသလို ဝီရိယလည်း စိုက်ထုတ်ရပါတယ်။ အခုနောက်ပိုင်း ( ဒီ(၁)နှစ်၊ (၂)နှစ်) အတွင်း ဝတ္ထုတိုပေါင်းချုပ်တွေ အတော်များများ ထွက်လာပါတယ်။ စာအုပ် ဈေးကွက်ပျက်နေပြီ။ ရသစာပေ 'ဆွံ့အ' ရှားပါးလာပြီလို့ ဆူဆူညံညံ ပြောနေတဲ့အချိန်မှာပဲ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွေ အဆက်မပြက် ထွက် လာတွေ့ရပါတယ်။

အထူးသဖြင့် အွန်လိုင်းမှာ ရေးနေတဲ့ လူငယ်လေးတွေဆီက အချင်းချင်း စုပေါင်းပြီးဖြစ်စေ၊ ထုတ်ဝေသူက ထုတ်ဝေပေးလို့ဖြစ်စေ စာအုပ်တွေ အများကြီး ထွက်ပေါ်လာပါတယ်။ သူတို့ စာပေစင်မြင့်ပေါ် ရောက်လာတာ အချိန်လည်းတို

မြန်လည်းမြန်ပေ့။ အဲဒီ စာပေ ပြေးလမ်းပေါ်မှာ ဘယ်သူတွေက အပြေးသန်၊ ဘယ်သူတွေက ဖွဲ့ရှိ၊ ဘယ်သူတွေက သက်လုံကောင်းမယ်တော့ မပြောနိုင်ဘူး။ တာထွက် ကောင်းကြတာတော့ အမှန်ပါပဲ။

အခုလည်း အွန်လိုင်းမှာ ရေးနေတဲ့ စာပေဝါသနာရှင်တစ်ဦးက '' ၂၀၁၄ '' ခုနှစ်မှာ '' အညို '' ဆိုတဲ့ ဝတ္ထုကို ဖေ့ဘွက်ခ်ပေါ်မှာ အခန်း ဆက်ရေးရင်း၊ လူသိများလာတဲ့အခါ စာပေချစ်သူ အစ်မတစ်ယောက်ရဲ့ စီစဉ်ပေးမှုနဲ့ ပထမဦးဆုံး '' အညိုရဲ့အညို '' ဝတ္ထုတို စုစည်းမှုစာအုပ် ထွက်ဖို့ဖြစ်လာပါတယ်။

စာအုပ်ထဲမှာ '' အညို၊ မိုးည၊ မီးစာ၊ သို့... ဖေဖေ၊ နေ့ပြန်တိုး၊ အဆုံးအဖြတ်၊ အလျှားနှင့်အနံ၊ တစ်နပ်စာ၊ နှောင်းကြိုးများနဲ့ ကောင်းကင်၊ ရင်မှအား '' ဆိုပြီး ဝတ္ထုတို (၁၀)ပုဒ်ပါဝင်ပါတယ်။

စာရေးသူ အထူးပြုထားတဲ့ အညိုကတော့ မဂ္ဂဇင်းအခန်းဆက် ဝတ္ထုလို့ပြောရင် ရမယ်ထင်တယ်။ သူ့ရဲ့ ပွဲဦးထွက် အညိုကို လူကြိုက်များပြီး သူ့ကလောင်နာမည်က ' အညို ' ဖြစ်သွားတာကလည်း စိတ်ဝင်စား စရာပါ။ စာရေးသူဟာ အမျိုးသားဖြစ်ပြီး '' အညို '' ကလောင်နာမည်က အားပျော့နေသလားလို့ ကျွန်မ တွေးနေမိပါတယ်။ စာရေးမယ့်သူဟာ ကလောင်နာမည် ရွေးချယ်တာလည်း အရေးကြီးလှပါတယ်။ ဒီနာမည်ဟာ ကိုယ့်ဘဝတစ်လျှောက်လုံး သုံးရမယ့်နာမည်ပါ။ အဆန်းတကြယ်ကြီး မဟုတ်သော်လည်း စကားလုံး စုစည်းမှု အားကောင်းကောင်းနဲ့ မှည့်တဲ့ နာမည်မျိုးဖြစ်ရင် ပိုကောင်းပါတယ်။ ဥပမာ စိုင်းဘားဒိုင်၊ ခက်စိမ်းခင်၊ သိုးဆောင်း ဒီလိုကလောင်နာမည်မျိုးတွေပေ့ါ။

နောက်ပြီး နာမည်မရခင် ကလောင်နာမည် အများကြီးသုံးတာကို လည်း မနှစ်သက်ပါဘူး။ လူတစ်ယောက်ဟာ နာမည်တစ်လုံးကို ဖြစ်မြောက်အောင် အတော်ကြိုးစားပြီး ထူထောင်နေရချိန်မှာ ဟိုတစ်မျိုး၊ ဒီတစ်မျိုး မဖြစ်သင့်ပါဘူး။ ဆရာကြီးရွှေဥဒေါင်းတို့ ဆရာမကြီး လူထု ဒေါ်အမာတို့ ကလောင်နာမည်အမျိုးမျိုးနဲ့

ရေးကြတာက အဓိပ္ပါယ်တစ်မျိုးပါ။ ကလောင်နာမည်တစ်မျိုးနဲ့ ပုဒ်ရေတွေ အများကြီးရပြီးမှ နောက်တစ် မျိုး ပြောင်းရင်၊ အစပြန်ကောက်ရသလို ပရိသတ်လည်း မျက်စိလည်ပါ တယ်။

ဒါက ကျွန်မရဲ့ သဘောထားအမြင်ပါ။ စာရေးသူဟာ အွန်လိုင်း မှာ အညို ဝတ္ထုရေးရင်း၊ သူ့ကို ပရိသတ်က အညိုရယ်လို့ လူသိများလာ တဲ့အခါ သူ့ကလောင် နာမည်ပါ 'အညို'အဖြစ် ခံယူလိုက်တာဆိုရင်တော့၊ ပရိသတ်က ပေးတဲ့ နာမည်လို့ ဆိုရမှာပါပဲ။

ဒါကြောင့် ' အညို ' ဝတ္ထုကို ကျွန်မ စိတ်ဝင်စားတယ်။ အညိုကို အရင်ဆုံးဖတ်ကြည့်တယ်။ အညိုက ရိုးရိုးသားသား အိမ်ဆိုင်ရောင်းပြီး မိဘကို လုပ်ကျွေးနေတဲ့ မိန်းကလေး။ တစ်နေ့ အမေ့ကျန်းမာရေးအတွက် ငွေရှာရင်း၊ ခန္ဓာကိုယ်နဲ့ရင်းပြီး သွေးသားရောင်းဝယ်တဲ့လောကထဲ ရောက် သွားတဲ့ အကြောင်းလေးပါ။ စာရေးသူ အညိုဟာ ဇာတ်ကောင်အညိုကို ပီပီပြင်ပြင် ထုဆစ် ပုံဖော်ဖို့အတွက် အညိုတွေကြားမှာ အတော်လေး ကွင်းဆင်း လေ့လာထားတယ်လို့ သိရပါတယ်။

သူ ကြိုးစားသလောက် အရာရောက်တယ်ဆိုရမှာပါပဲ။ မြန်မာ ပြည်မှာ အညိုတွေ အများသား မဟုတ်လား။ ဆင်းရဲမွဲတေမှု၊ ပညာမတတ် မှု၊ ဗဟုသုတ ခေါင်းပါးမှု၊ ငွေကို အလွတ်လမ်း ရှာဖွေလိုမှုစတဲ့ အကြောင်း အချက်တွေနဲ့ လမ်းဘေးမှာ အညိုတွေ တစ်နေ့ထက် တစ်နေ့ ပိုများလာ တယ်။ မမမြင့်လို လူညွန့်ရူးစားတဲ့ ပွဲစားမျိုးတွေကလည်း အညိုလို မိန်းကလေးတွေကို ကမ်းပါးချောက်ကြီးထဲ ရောက်အောင် တွန်းထိုးပို့ ဆောင်နေတာလည်း ပါ ပါတယ်။ အညို့ရဲ့ လှုပ်ရှားမှုတွေ ရုပ်လုံးကြွသလို မမမြင့်ရဲ့ စရိုက်ကလည်း ပီပြင် ရှင်သန်လှပါတယ်။

အညိုက ဒီလောကမှာ အတော်ကြာကြာ ကျင်လည်ပြီးမှ သူ့ကို မေတ္တာစစ်နဲ့ နှစ်နှစ်ကာကာ ချစ်တဲ့ အစ်ကိုကျော်နဲ့ ပြန်တွေ့တယ်။ အစ်ကို ကျော်ကို

အရင်က သူ့ဘဝနဲ့ မတန်ဘူးလို့ ငြင်းပယ်ပြီးသားပါ။ ဒါပေမယ့် ဘယ်လိုအနေအထားမဆို အစ်ကိုကျော်က လက်ခံတယ်။ သူ့ရဲ့ ဖြူစင်တဲ့ ချစ်ခြင်းနဲ့ အညီ့ကို ဒီဘဝထဲက ရွေးနှုတ်မယ်ပေ့ါ။

ဒီအချိန်မှာ အညို ဆေးစစ်တယ်။ စာရေးသူဟာ ဝတ္ထုရဲ့ အဆုံး သတ်ကို အညိုဆေးအဖြေက (Negitive)လို့ ဆိုပြီး ဝမ်းသာပျော်ရွှင်ခြင်း တွေနဲ့ အဆုံးသတ်လိုက်ပါတယ်။ ကျွန်မ စဉ်းစားကြည့်မိတယ်။ အညိုဟာ ယောကျ်ားတကာနဲ့ မကင်းဘူး။ ရှေ့မှာ အကာအကွယ်ပါတဲ့အခါ ပါ၊ မပါတဲ့အခါ မပါဆိုပြီး ဝန်ခံထားတယ်။ အညို ဆေးစစ်ချက်အဖြေဟာ (Negitive)ဆိုတာထက် တကယ်တမ်းဆို (Positive)ဖြစ်ဖို့များပါတယ်။

အညို့မှာ ရောဂါရှိနေပြီ။ ဒီရောဂါကို အစ်ကိုကျော်ကပါ လက်ခံ ပြီး ဖေးမကူညီနွေးထွေးသော ချစ်ခြင်းတွေနဲ့ ရှေ့ခရီးအတွက် လက်တွဲ လိုက်ကြတာမျိုး အဆုံးသတ်လိုက်ရင် ပိုလှမယ်လို့ ကျွန်မ တွေးမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်မှာ ဒီလိုရောဂါရှိတဲ့ မိန်းကလေးကို လက်ထပ် ယူထားပြီး ချစ်ခြင်းတရားနဲ့ စောင့်ရှောက် ဖေးကူနေတဲ့ အမျိုးသားတွေ ရှိနေလို့ပါ။

'' အနုပညာပစ္စည်းတစ်ခုသည် ဒိဌ ( တကယ့်ပစ္စည်း တကယ့် အဖြစ်)နှင့် ထပ်တူရှိနေလျှင်လည်း အနုပညာပစ္စည်းအဖြစ် မခံစားနိုင် တော့ သကဲ့သို့ ဒိဌနှင့်ဝေးကွာလွန်းနေပြန်လျှင်လည်း စိတ်ကူးက မလိုက် နိုင်တော့ဘဲရှိတတ်သည်။ ထို့ကြောင့် ဒိဌနှင့် မဝေးလွန်း မနီးလွန်း သင့် တင့်လျှောက်ပတ်သည့် နေရာတွင် ရှိအောင် ကြိုးစားနိုင်ခြင်းသည်ပင် အရည်အချင်းတစ်ရပ်ဖြစ်သည် '' ဟု (ဒိဌနှင့် စိတ်အကွာအဝေး)ကို ဆရာ ဦးအောင်သင်းက ဆိုထားခဲ့သည် မဟုတ်ပါလား… ။

လူတွေ မိဘမေတ္တာဘွဲ့ကို အမျိုးမျိုးရေးကြတယ်။ အဖေ၊ အမေနဲ့ သားသမီးတို့ရဲ့ ချစ်ခြင်းတရားကို မိမိတို့ ပိုင်နိုင်တဲ့ အခန်းကဏ္ဍက ကျွမ်းကျင်သလို ပုံဖော်ကြတယ်။ မိဘနဲ့သားသမီး ဆက်ဆံရေးဟာ လူတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် လူထုကြားထဲ စူးနစ် စွဲထင်လွယ်တဲ့ အကြောင်း တရားကြောင့်လည်း

ဖြစ်ဟန်တူပါတယ်။

အညို (စာရေးသူ) ရေးတဲ့ ဝတ္ထုတိုတွေထဲမှာ ကျွန်မ အကြိုက်ဆုံး ဝတ္ထုတစ်ပုဒ်ကို ဆွဲထုတ်ပြပါဆိုရင် '' အလျှားနှင့်အနံ '' ဝတ္ထုကို ပြရမှာပါ။ အမေနဲ့ မတွေ့တာကြာလို့ အမေရှိရာသွားမယ့် သွားမယ့် သမီးမာလာက သူ့မှာ နားကွင်းမရှိတာ အမေသိသွားရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ပုံစံတူ ရွှေအတုနားကွင်းကို ဝယ်ဝတ်တယ်။ အမေကလည်း သမီး၊ သား မက်နဲ့ မြေးတွေလာရင် ပေါပေါသီသီ သုံးလို့ရအောင် နားကပ်အစစ်ကို ပေါင်ပြီး ရွှေရည်စိမ် ငွေနားကပ်ကို ဝယ်ဝတ်တယ်။ သိပ်ပြောင်လက်နေရင် အတုမှန်း သိသွားမှာစိုးလို့ သနပ်ခါး ပွတ်ထားသတဲ့။

သမီးနဲ့ သားမက်၊ မြေးတွေလာတော့ အမေပျော်နေတယ်။ ပြန်ခါ နီးတော့ သမီးက ချီတုံချတုံနဲ့ ငွေနှစ်သောင်းကန်တော့လိုက်တယ်။ အမေ ကလည်း တဘက်စောင်ကလေးကို ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ပေးလိုက်တယ်။ အိမ်ရောက်တော့ ဖွင့်ကြည့်တဲ့အခါ တဘက်ကြားက စာခေါက်က လေးထွက်လာတယ်။ စာခေါက်လေးထဲမှာတော့ အသစ်ချပ်ကျွတ် တစ် သောင်းတန်ငါးရွက်၊ အမေက သမီးနားကပ်ကလေး ပြန်ရွေးလိုက်ပါတဲ့။ ရောင်းလိုက်ရင် အမေ့ငွေနဲ့ ဖြည့်ပြီး အသစ်လုပ်လိုက်ပါ။ မဖြစ်လို့ ဝတ်ရမယ်ဆို သမီးနားကပ် အတုမှန်း မသိအောင် သနပ်ခါးပွတ်ထားပါတဲ့။

တစ်ဖက်မှာ သားမက်ကလည်း အမေ့နားကပ်ကို အတုမှန်း သိနေ ခဲ့တယ်။ အမေက အစစ်ထင်အောင် အရှေ့က သနပ်ခါး ပွတ်ထားပေမယ့် နားကပ်နောက်ပိတ်ကို သနပ်ခါး မပွတ်မိတဲ့အတွက် 'အတု'ဆိုတာ သား မက်က ရိပ်မိသွားခဲ့တာပါ။ စာရေးသူက ဝတ္ထုကို ဒီလိုအဆုံးသတ်လိုက်ပါ တယ်။

'' အမေပေးလိုက်သော စာရွက်ပိုင်းလေးကို ယောကျ်ားဖြစ်သူက မာလာထံ ပြန်ပေးသည်။ မာလာ ငိုချင်လိုက်သည်။ အမေ့အတွက် စိတ်မကောင်း၊ သမီးဖြစ်သူက အမေ အဆင်ပြေနေတယ်ဟု ထင်မိအောင်နေ ပေမယ့် အမေ

ဘယ်ကတည်းက အဆင်မပြေဖြစ်နေတာပါလိမ့်။ ဒုက္ခတွေ များ များနေသလား။ သမီးရှေ့မှာတော့ အမေ ကြည်စင်စွာ ပြုံးနေသည်ပဲ။ မာလာ အမေရှိရာအရပ်သို့ စိတ်မှန်းဖြင့် ကန်တော့လိုက်သည်။ မေတ္တာ ဆိုတာ အလျားနှင့်အနံ အသွားအပြန်ရှိသည်ဆိုပေမယ့် အမေ့မေတ္တာကို သမီး မမီပါဘူး အမေရယ်။ သမီးပျက်ကွက်မိတာတွေအတွက် အမေ့ကို သမီးကန်တော့ပြီး တောင်းပန်ပါတယ်။ သမီးကို ခွင့်လွှတ်ပါနော် ''

စာရေးသူက သူ့ဝတ္ထုကို သေသပ် လှပစွာ အဆုံးသတ်ထားပါတယ်။ '' နေ့ပြန်တိုး '' ဝတ္ထုကလေးက လူတွေ ဆင်ရဲတွင်းနက်ပြီး နေ့ပြန် တိုးယူရင်း ကလေးတွေကို ကစားကွင်းပို့ကာ တစ်နေ့တာ ကလေးတို့ ပျော်ရွှင်မှုကို အလိုလိုက်မိတဲ့အတွက် ကုန်သွားတဲ့ငွေ၊ ငွေရှင်လာဆဲမည့် ဘေးဒုက္ခတွေအတွက် သောကရောက်ရတဲ့ မိခင်တစ်ယောက်ရဲ့အကြောင်း ကလည်း အခြေခံလူတန်းစားတွေ ရှိနေသရွေ့ ခေတ်စားနေဦးမယ့် ဝတ္ထုပါ။

သူ့ရဲ့ နေ့ပြန်တိုး ဝတ္ထုတိုကို ဖတ်ရင်း၊ ကဗျာဆရာ ဆောင်းနူးလတ်ရဲ့ '' အခြေခံ လူတန်းစား '' ဆိုတဲ့ ကဗျာကို သတိရသွားစေပါတယ်။

ကျွန်တော်ဟာ အခြေခံလူတန်းစားပါ

နေ့ပြန်တိုးနဲ့

နေ့ပြန်ရအောင် ကြိုးစားနေရသူပါ

ရှင်နေတဲ့အသက်ဟာ...

ရှင်လာမယ့် အသက်အတွက်

လှုပ်ခတ်နေရသူပါ။

ကျွန်တော်ဟာ အခြေခံလူတန်းစားပါ

မုန့်ဝယ်ပေးဖို့ ငိုနေတဲ့ ကလေးငယ်ကို ပစ်ပြီး

ကုန်စိမ်းရောင်းထွက်ခဲ့သူပါ။

ကျွန်တော်ဟာ အခြေခံလူတန်းစားပါ

အိမ်ချင်းမတူတဲ့ အိမ်ကြောင့်

လမ်းနဲ့ရပ်ကွက်ကို သိမ်ငယ်စေတယ်ဆိုတဲ့

စွဲချက်နဲ့ ရပ်ကွက်အပြင်ဘက်

မောင်းထုတ်ခံရသူပါ။

စာရေးသူ အညိုရဲ့ ဝတ္ထုတို (၁၀)ပုဒ်လုံးဟာ အခြေခံလူတန်းစား တွေရဲ့ စရိုက်လက္ခဏာ၊ အခြေခံလူတန်းစားတွေရဲ့ ဘဝအမော၊ အခြေခံ လူတန်းစားတွေရဲ့ နစ်နေတဲ့ ဆင်းရဲတွင်းနွံ၊ အခြေခံလူတန်းစားတွေရဲ့ ကူကယ်ရာမဲ့ လက်ဖဝါးအစုံ၊ သူ တွေ့မြင် ထိစပ်မိလောက် တို့ထိ မှုန်းခြယ်ထားတာ စုတ်ချက်ကြမ်းကြမ်း ပန်းချီကားအလားပါ။

'' တစ်နပ်စာ '' ဝတ္ထုတိုထဲက ပိစိလို ဆယ်နှစ်အရွယ်ကလေးတစ် ယောက်ရဲ့တစ်နေ့တာ ဝမ်းရေးကို ကူညီဖြေရှင်းပေးမှု။ မြန်မာပြည်မှာ ကလေးစစ်သားတွေပေါသလို၊ ကလေးလုပ်သား (လက်ဖက်ရည်ဆိုင် စားပွဲထိုး၊ အမှိုက်ကောက်သူ၊ ကန်စွန်းရွက်ခူးသူ )တွေလည်း ပေါလှပါ တယ်။ ဒီလို ကလေးတွေ ပေါများထာတာ တိုင်းပြည် ဆင်းရဲမွဲတေခြင်း ပိုမို ကျယ်ပြန့်စူးနက်လာတာကို ပြတဲ့ ပြယုဂ်တစ်ခုပါပဲ။ ဒီလိုကလေး ပိစိလို ကလေးက မကောင်းမှုကို မကောင်းမှုမှန်းသိပြီး လွတ်မြောက်အောင် ရုန်းထွက်နိုင်တဲ့ အပြုကလေးက ကြည်နူးနှစ်သက်စရာ ကောင်းလှပါ တယ်။

စာရေးသူ အညိုဟာ ဝတ္ထုတွေကို စကားပြေနဲ့ ရေးသားပြီး စကား ပြေအလှအတွက် အားထုတ်ထားတဲ့အတွက်လည်း ကျေးဇူးတင်ဖွယ် ကောင်းလှပါတယ်။ ဝတ္ထုတိုပေါင်းချုပ်ထုတ်တဲ့အခါ စကားပြောတွေ များ နေရင်

စာဖတ်သူတွေအတွက် နားငြီးသလိုဖြစ်ပြီး ငြီးငွေ့လာတယ်ဆိုတဲ့ ကိစ္စဟာ စာရေးသူတွေ သတိထားရမယ့်အချက်ပါ။ စကားပြေ စကားပြော မျှရေးပေးတဲ့အတွက်လည်း အညိုရဲ့ အညိုဟာ လှပနုပျိုနေမှာ အမှန်ပါ။

စာရေးသူ အညိုတစ်ယောက် နောက်ထပ် အညိုဇာတ်ကောင်တွေ ဆက်လက်ဖန်တီးနိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မေတ္တာဖြင့်

**မိချမ်းဝေ**

**၃၁. ၈. ၂၀၁၅**

# အညို (က)

'' အဟွတ်... အဟွတ် ''

အမေ့ချောင်းသံကြောင့် အညို အိပ်နေရာကနေမှ လန့်နိုးလာပြီး ဘက်ထရီမီးချောင်းကို ထဖွင့်လိုက်သည်။ ချောင်းအဆက်မပြတ် ဆိုးနေသော ကြောင့် တဲအိမ်ကလေး လူးလွန့် ယိမ်းထိုးနေသည်မှာ တစ်နေ ကုန် ခြေတိုအောင် ဈေးလျှောက်ရောင်းရလွန်းလို့ ပင်ပင်ပန်းပန်း အိပ်ပျော် နေသည် အညိုပင် လန့်နိုးသည်ကို ကြည့်တော့...။

'' အမေ သက်သာရဲ့လား။ ဆေးခန်း သွားမလားဟင် ''

'' ရတယ်သမီး။ အမေ့ကို ဘုရားကျောင်းဆောင်အောက် တိုင်နား က အဆုတ်ပုံ ဆေးထုပ်လေးပေးစမ်းပါ သမီးရယ်... ''

အညို ဆေးထုပ်ကို ရှာပြီး ရေအိုးစင်က ရေတစ်ခွက်ကိုပါ ခပ်ပေးလိုက်သည်။ အမေဆေးထုပ်ကို ဖြည်ပြီး လက်ဝါးပေါ်သွန်ထည့် ရေနှင့် မျှောနေတာကို ကြည့်ရင်း၊ အညို စိတ်ထဲမကောင်း။ ဒီလထဲ အမေ တော် တော်လေး အိုစာသွားသည်။ သားအမိနှစ်ယောက်ထဲရှိသည့် ဘဝမို့ အမေ တစ်ခုခုဖြစ်မှာ အညို ကြောက်သည်။ အဖေ ဆုံးကတည်းက သားအမိနှစ် ယောက် အမေက အကြော်ကြော်၊ အညိုက ရပ်ကွက်ထဲ လှည့်ရောင်းပြီး ဝမ်းရေးကို ဖြေရှင်းကြသော်လည်း ကြွေးတွေ မပျက်ခဲ့။ ပြီးခဲ့သည့်နှစ်က တော့ ညှော်လွန်း၍ ထင်သည်။ ချောင်းတဟွတ်ဟွတ် ဆိုးရင်း တရှောင် ရှောင်ဖြစ်လာရာမှ ဆေးတိုက်ပြကြည့်တော့ အမေ့ရောဂါက ဆေးယဉ်ပါး' တီဗွီရောဂါ' တဲ့။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အကြော်ဆိုင်လဲ လူရှဲ သွားသလို အမေ့မှာလဲ အရိုးပေါ် အရေတင်၊ ဂျုံးဂျုံးကျလာသည်မှာ မြင်၍ ပင် မကောင်းတော့...။

'' သမီး အညို ပြန်အိပ်လေ...။ အစောကြီးရှိသေးတယ်။ မနက် ပဲပြုတ်ချိန် အမေနှိုးပေးမယ်သမီးရယ်... ''

'' ရပါတယ်အမေ။ အမေ အရင်အိပ်ပါ။ သမီး အမေ့ကို ယပ်ခတ်ပေးချင်လို့ ''

'' အိပ်စမ်းပါ အညိုရယ်…။ အမေက ရပါတယ် ''

အမေ အိပ်ခိုင်း၍ သာ အိပ်ရသည်။ အညို အိပ်၍ မပျော်။ ဒီရက်ထဲ ဈေးရောင်း မကောင်း။ ဟိုတလောက ယူထားသည့် နေ့ပြန်တိုးလေးလေး ကိုပင် အတိုးမပေးနိုင်တာ သုံးရက်ရှိပြီမို့ ခြေသလုံး ဖက်မတတ် တောင်းပန်ထားရသေးတာ။ ငွေတိုးပေးစားသည့် ဒေါ်ပုမ၏ 'နင်ပဲငဆ' အပြောကို ပင် ဈေးလယ်ကောင်မှာ ခံရသေး။ တွေးရင်းဖြင့် အညို မျက်လုံးများ စင်းလာပြီး ပြန်အိပ်ပျော်သွားသည်။

***********

ခြေတိုအောင် ရပ်ကွက်ထဲ လှည့်ရင်း အညို ရင်တွေပူလာသည်။ ဈေးရောင်း မကောင်းချက်များ အညိုလက်ထဲ (၁၅၀၀)ပင် မပြည့်သေး။ တဖြည်းဖြည်း နေကလည်း မြင့်လာပြီ။ အညို စိတ်ပျက်လာရာမှ မျက်ရည် များ ပိုးပိုးပေါက်ပေါက် ကျလာသည်။ အမေ့ခမျာ အဟာရ ပြတ်ရှာသည်။ ဒါကြောင့် ဈေးရောင်းကောင်းသည့် တစ်ရက် အမေ စားချင်သော ငါးရံ့ ဆန်ပြုတ်လေး ကျွေးချင်သည်။ အညို အတွေးတွေနှင့်ပင် လူက ချာကပတ် ရမ်းလာသည်။ အမေ့ခမျာ သေသည်အထိ ဖွယ်ဖွယ်ရာရာလေး စားရပါ့ မလား မသိ။ အညို လျှောက်ရင်း လျှောက်ရင်းက အညိုတို့ နေထိုင်ရာ တစ်အိမ်တန်းကို ကျော်ဖြတ်ပြီး တစ်ဖက်ရပ်ကွက်ထဲ ရောက်လာသည်။

'' ပဲ… ပြုတ် ''

အသံကိုသာ မြှင့်ပြီးသာ အော်ရသည်အားကတော့ လျော့ချင်ချင်ရယ်…။

သည်အချိန်တော့ ဘယ်သူမှ နံနက်စာ စားတော့မည်မဟုတ်။ ရောက်ဖို့ရာလည်း လမ်းက မမြင်။

'' ဟော... ''

အညို အသံပင် ထွက်သွားသည်။ ရှေ့မှာ ပွဲစားမမြင့် လွန်ခဲ့သော လပိုင်းက ပြောခဲ့သော ငွေများများရမည့် အလုပ်ကို သတိရသွားသည်နှင့် ခြေလှမ်းတွေ ခတ်သွက်သွက် လှမ်းမိသွားသည်။

'' မမြင့် ''

'' ဟဲ့ မိညို။ ညည်းက ဘယ်လိုဖြစ်ပြီး ဒီဘက်အပိုင်းကို ရောက်လာတာလဲ ''

'' ဟိုလေ... အညို ဈေးရောင်းမကောင်းလို့ အစ်မရဲ့ ''

'' ကဲ ငါ့ကို (၂၀)သားပေးဟယ်။ အိမ်ကမသာ စားချင်တယ်ပြောတာ... ကြည့်မရလို့ မကျွေးတာ...။ ညည်းနဲ့တွေ့တော့လည်း မထူးပါဘူး အေ... ''

အညို ဈေးတောင်းကို ချ။ ခတ်သွက်သွက် (၂၀)သားချိန်ပြီး အပို ဇွန်းတစ်ကော်လောက် ထည့်ပေးရင်း မမြင့်ကို လှမ်းပေးလိုက်သည်။ မမြင့် ပေးသော ငါးရာတန်ကို ယူ၊ တစ်ရာပြန်အမ်းပြီး ဇတ်ကနဲ့ ထရင်း ဖြင့်

'' မမြင့် ဟိုတစ်ခါပြောတဲ့ အလုပ်လေ...။ အဲဒါကျွန်မ လုပ်လို့ ရသေးလားဟင် ''

'' ဟဲ့ ဘာဖြစ်လို့တုန်းအညို။ ညည်း ဘာလိုလို့တုန်း ''

'' အညိုလေ... အမေ့ကို ဆေးကုပေးချင်တယ်မမြင့်။ အမေ့ရောဂါက ကျန်းမာရေးဌာနက ဆေးပေးတယ်ဆိုပေမယ့် ဆေးက ပြတ်နေတာ။ဒီကြားထဲ အညိုက ဈေးရောင်းမကောင်းတော့ အမေ့ကို ကောင်းကောင်း ကန်းကန်းလည်း ချက်မကျွေးနိုင်ဘူး မမြင့်ရယ်...။ အညို အမေ့ကို ကြည့် ပြီး စိတ်မကောင်းဘူး ''

အညို ပြောရင်း ကျလာသော မျက်ရည်ကို လက်ခုံဖြင့် ပွတ်လိုက်မိသည်။

'' ဟဲ့ မငိုနဲ့လေ...။ ခဏနေဦး မေးပေးမယ်။ ဒါပေမယ့် ဒီကိစ္စ ဘယ်သူမှ မသိစေနဲ့နော်။ ငါလည်း လုပ်သာလုပ်ရတာ အဖမ်းအဆီးတွေ ရှိတယ်ဟဲ့။ ဒါမျိုးက တရားဝင်တာ မဟုတ်ဘူး။ ညည်းရော သေချာရဲ့လား

စဉ်းစားဦး ''

အညို ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်ချိန်မှာပင် မမြင့်က လက်တစ်ဝါးခန့် ပိုက်ဆံအိတ်လေးထဲမှ ဖုန်းကို ပိုက်ဆံအိတ်ထဲက ထုတ်ရင်း တစ်နေရာသို့ ဖုန်းဆက်သည်။ ဖုန်းပြောနေရာမှ အညိုဘက်ကို လှည့်ပြီး

'' ဟဲ့အညို ညည်းက အပျိုစစ်လား... ''

'' ရှင်... ကျွန်မ အပျိုပါ ''

'' ညည်းညရေး ညတာကိစ္စတွေ ဘာတွေ အပျိုရေပျက်ဖူးလား မေးတာဟဲ့။ ငါ့နှယ် နဝေတိမ်တောင်နဲ့ ''

'' ဟင့်အင်း... အညို အညို တစ်ခါမှ ''

အညို ပြောရင်း အသံတွေ တုန်တွေ တုန်လာသည်။ မျက်ရည်များ ကျလာသည်။

'' ဟဲ့ လမ်းလယ်ခေါင် မငိုနဲ့လေ... ''

'' အညို ရှက်လို့ပါ ''

ပြောရင်း အညိုအသံ တိမ်ဝင်သွားပြန်သည်။ အတန်ကြာ ဖုန်းပြောပြီး

'' အဆင်ပြေတယ်ဟေ့ ။ ဒီညနေပဲ ချိန်းလိုက်တယ်။ ညည်းသပ်သပ်ရပ်ရပ် ပြင်ပြီးစောင့်နေ။ ငါလာခေါ်မယ်။ ရော့ အခုလောလောဆယ် ပိုက်ဆံ

ငါးထောင်ယူသွား။ နောက်နေ့တော့ ပြန်ပေး။ ကြားလား မိညို ''

အညိုက မမမြင့် ပေးသောပိုက်ဆံကို ဝမ်းသာအားရ လှမ်းယူလိုက်သည်။

'' အဲဒါဆို အညိုသွားပြီ မမမြင့် ''

'' ညနေ မမေ့နဲ့နော် ''

'' ဟုတ်ကဲ့ စိတ်ချပါ မမမြင့် ''

မမမြင့် ပြုံးလိုက်သည်။ ဆင်းရဲသော်လည်း လှသည့်အညို ။ တောင့်တင်းသော ခန္ဓာကိုယ်ရှိသည့်အညို။ နွမ်းပါးသော်လည်း သပ်သပ်ရပ်ရပ် ဝတ်စားတတ်သည့် အညို ။ အညိုနှင့် စပ်ပေးသည့် မုဆိုးဖိုကြီးက အညိုကို သိပ်ကြိုက်သည့်အတွက် စပ်ခိုင်းနေသည်မှာ ကြာပြီ။ မမမြင့်က မိမိရမည့် အာရကေကို တွက်ရင်း စိတ်တွေ ချမ်းသာသွားသည်။ အိမ်က လင်တော်မောင်လေး အလိုရှိသည့် လက်ပွတ်ဖုန်း ဝယ်ပေးလိုက်မည်။ ယောက်ျားငယ် ငယ်လေး ယူထားသည့်အတွက် မမမြင့်လည်း သည်လောက်တော့ အမ်း ရမည် မဟုတ်ပါလား... ။

***********

'' ဟဲ့ အညို။ ဘယ်လိုဖြစ်တာလဲ။ အဝတ်အစားက စုတ်ပြတ်သတ်နေတာပဲဟယ်... ''

'' ဒါပဲရှိတာ မမမြင့်။ အဝတ်အစားတွေအားလုံးက အပေါင်ဆိုင်မှာ ''

'' ဟဲ့ နင့်ကို ပေးလိုက်တဲ့ ပိုက်ဆံငါးထောင် ဘာလုပ်ပစ်လိုက်တုန်း။ နင် ပေါင်ထားတာလေး ပြန်ရွေးပြီး ဝတ်ရောပေါ့ဟယ်... လူအထင်သေး အောင်လို့... ''

'' မမမြင့်ရယ်... အညို အဝတ်အစားက ဘာအရေးပါလို့လဲ။ အဝတ်အစား စုတ်တာထက် အညိုဘဝက စုတ်ပြတ်သတ်နေပြီလေ... ''

အညို့အသံ ခြောက်ကပ်ကပ်က မမမြင့်ကို စိတ်မကောင်းဖြစ်သွားစေသည်။ မမမြင့်က အညို့လက်ကို ဖျတ်ကနဲ ကိုင်ရင်းဖြင့်

'' အိမ်လိုက်ခဲ့ မိညို။ မမမြင့်မှာ အရင်က မတော်တဲ့ အဝတ်တွေ ရှိတယ်။ မိညို ယူဝတ်လိုက်။ ညည်းဈေးကောင်း မရမှာစိုးလို့ပါအေ ''

'' ဈေးကောင်း... ''

အညို သံယောင်လိုက် လိုက်သည်။ ဟက်ကနဲ တစ်ချက်ရယ်မိသည်။ အညိုမျက်နှာက မကောင်း။ သို့သော် မဖြစ်မနေ လုပ်ရမည် ဖြစ်သော နှမြောတသသော ခံစားချက်မျိုးစုံဖြင့် ထုံနေသည်။ အညို ဆုံးဖြတ် ချက်ကို အပြီးအပိုင် ချလိုက်သည်။ အေးစက်သော လက်အစုံဖြင့် မမမြင့်လက်ကို ကိုင်လိုက်သည်။

'' သွားမယ်မမမြင့်။ အညို့ကို အလှဆုံးပြင်ပေးပါ '' ”

'' ဟ ဘာဖြစ်ကြတာလဲ ''

အိမ်တံခါး ဖွင့်ဖွင့်ခြင်း ကြားလိုက်ရသောအသံကို အညို လန့်သွားသည်။ မမမြင့်ကတော့ ခပ်တည်တည်ပဲ သူ့ယောက်ျားကို ကြည့်ရင်း

'' အထွန်း။ လက်ဖက်ရည်ဆိုင် သွားပေးမလား။ မမတို့ ပြောစရာ ရှိလို့... ''

'' အင်း ရတယ်လေ။ ပိုက်ဆံပေး လက်ဖက်ရည်ဖိုး ''

အထွန်းက မမမြင့် နောက်မှာ ခပ်ကုတ်ကုတ်လေး ရပ်နေသည့် အညိုကို တစ်ချက်ကြည့်ရင်း မမမြင့်ပေးသော ပိုက်ဆံကို ယူကာ အပြင် ထွက်သွားသည်။ မမမြင့် ထုတ်ပေးသော ဝတ်စုံများထဲမှ အညို ဝတ်လေ့ ဝတ်ထရှိသော ထမီလေးကို

တီရှပ်လေးတစ်ထည်နှင့် တွဲဝတ်ရင်း အညို မမမြင့် ပြင်ပေးသော မိတ်ကပ်တွေ လိမ်းရသည်။ အညို မျက်နှာစေး ထန်းထန်းဖြစ်နေတာကို မှန်ထဲက ပြန်ကြည့်ရင်း အညို မျက်နှာထသစ် လိုက်သည်။

'' တော်ပြီ မမမြင့်။ အညို မလိမ်းတော့ဘူး။ အညို မိန်းပျက် မဟုတ်ဘူး မမမြင့်။ ဘဝမှာ တစ်ခါ အမှားလုပ်တယ်လို့ သဘောထားပြီး အညို မလိမ်းပါစေနဲ့။ ညို့ကိုယ်ညို မုန်းမိသွားလိမ့်မယ်။ သွားမယ် မမမြင့်။ အိမ်မှာ အမေတစ်ယောက်တည်း။ သိပ်ကြာနေရင် အမေရိပ်မိသွားမယ်''
မမမြင့်ခေါ်ရာနောက်လိုက်လာရင်းအညို့ ရင်တွေ တဖျပ်ဖျပ် တုန်လာသလို စိတ်တွေနောက်ကျိလာသည်။ မကြာခင် အညို မသိသော အညို မချစ်သော ယောကျ်ားတစ်ယောက်ကို အညို့ဘဝ ပေးရတော့မည်။ ငွေ ကြေးနှင့် အသွေးအသား လဲလည်မှုမှာ အညိုက အသွေးအသား ရောင်းဝယ်သူတဲ့...။ ဘာမဆို လုပ်ရမှာပဲ။ အမေ အသက်ရှည်ဖို့က အရေးကြီးတယ်။ အညိုကကော တချိန်မှာ အညို ချစ်တဲ့သူရှိလာရင် အညို့ဘဝက မစင်ကြယ်တော့ဘူး။ အညိုက မိန်းမပျက်ဖြစ်ခဲ့တယ်ဆိုတာ သိသွားရင်။

'' ရောက်ပြီ အညို ဒီအိမ်ပဲ ''

မမမြင့် အသံကြောင့် အညို စိတ်ကူးတွေ ရပ်ပြီး မမမြင့်ကို တစ်ချက်ကြည့်လိုက်သည်။ မမမြင့် မျက်နှာက ပူပန်တာလား။ ကြောက်ရွံ့တာ လား။ အမျိုးအမည် မဖော်နိုင်စွာ...။

'' အညို ရရဲ့လား... ''

'' ရတယ် မမမြင့်။ မမမြင့် မျက်နှာမပျက်စေရပါဘူး။ အညို ကတိပေးပါတယ် ''

'' အေးပါ ငါ ညည်းကို ယုံကြည်ပါတယ် အညိုရယ်... ''

'' မမမြင့်။ အညို တစ်ညလုံး နေလို့မရဘူးနော်။ အညို ပြန်ရမယ် အဲဒါ

မမမြင့် ကူပြောပေးပါ။ အမေ သိရင် အညို အသတ်ခံရမှာ… ''

'' စိတ်ချပါဟယ်…။ ညည်းကို ဟိုက တစ်ညလုံး ခေါ်မထားပါဘူး။ ဟိုက အဘိုးကြီး ဟိဟိ ''

မမမြင့်၏ ပြီတီတီအသံကို အညို သည်တစ်ခါ မုန်းမိသည်။ တစ်ခု ခုပြောမည့် ဟန်ပြင်နေတုန်း၊ မမမြင့် တံခါးခေါက်သံကြောင့် တံခါး ဖျတ် ကနဲ ပွင့်လာသည်။

'' စောင့်လိုက်ရတာ မမြင့်ရယ်…။ နင်ကလည်း မိုးချုပ်လိုက်တာဟာ… ''

'' အော်အစ်ကိုကြီးကလဲ။ မမြင့်က လူရှင်းအောင်လည်း စောင့်နေ ရသေးတာ… ''

'' အေး… အေး နင်ပြန်ရင် ပြန်တော့ မမြင့် ''

'' မမြင့်ကို ပိုက်ဆံပေးဦးလေ။ မမြင့် တစ်ခါတည်း ယူသွားမယ်။ မနက် တစ်ခေါက်မလာတော့ဘူး။ အစ်ကိုကြီးလည်း နားချင်မှာ… ''

'' အေး… သူ့အတွက်ကကော ဘယ်လိုလုပ်ပေးရမလဲ ''

'' သူ့ကိုပဲ ပေးလိုက်လေ အစ်ကိုကြီး ''

'' လာ… လာ… ဝင်ထိုင်ဦး ''

အညို သဘောပေါက်သွားသည်။ မမြင့်က အသွေးအသားကို အရောင်းအဝယ် ပြုတတ်သူပါလား။ ပွဲစား ပီသပါပေ့။

'' မမမြင့် ''

အညို ခေါ်သံကြောင့် မမမြင့်ကော ဟိုလူပါ လှည့်ကြည့်သည်။

'' အညို့ကို အပြင်မှာ စောင့်နေပေးပါနော် ''

အညို့အသံလေးက သနားစဖွယ် တုန်ခိုက်ခိုက်လေး ထွက်လာသည်။

အညို ကြောက်သည်။ အညို့ ရင်သည် အဆမတန် ခုန်ပေါက်ကာ ဒူးများ ဆတ်ဆတ်တုန်လာလေသည်။ အညို ခေါင်းကို ငုံ့လိုက်သည် ခဏမှာပင် မျက်လုံးထဲ မျက်ရည်များ ဝေ့ဝဲအိုင်လာပြီး ပေါင်ပေါ်တင်ထားသည့် အညို့လက်ဖမိုးပေါ်သို့ မျက်ရည်များက ပြုတ်ကျလာနေသည်။ အညို ခေါင်းငုံ့နေသည်မှာ ဘယ်လောက် ကြာသွားသည်မသိ။ အရှေ့က လူကြီး နာမည် ဘယ်သူဆိုတာ အညို မကြား။ အညို့အာရုံသည် ဝေဝေဝါးဝါး။

'' အိပ်ခန်းထဲသွားရအောင် အညိုကလေး '' ဆိုသော အသံကြားမှ အညို့ ရင်တွေ ဖျန်းကနဲ တုန်ရင်း၊ အညို ယောင်ထောင်ထောင် မတ်တပ်ရပ် လိုက်သည်။ ခေါ်ဆောင်ရာ နောက်သို့ အညို ဖြေးလေးစွာ လျှောက်ရင်း၊ အညို့ အာရုံတွေ ဟိုပြေး ဒီပြေးကာ လွင့်မျောနေတော့သည်။ အခန်းတံခါး ပိတ်သံနှင့်အတူ အညို ပခုံးသားလေးကို လာကိုင်သည့် လက်တစ်စုံကြောင့် အညို မျက်လုံးရွဲကြီးများဖြင့် မော့ကြည့်လိုက်သည်။

'' အညို ကြောက်နေလားဟင် ''

အညို ရှက်ရွံ့စွာ ခေါင်းကို ငုံ့ချလိုက်သည်။ တစ်ဖက်လူဆီမှ ခြောက်ကပ်ကပ် တစ်သံထွက်လာသည်။

'' အညို။ အညို့ကို အရမ်းချစ်တယ် ''

အညို့ ကိုယ်လုံးလေးကို ပွေ့ဖက်ရင်း၊ ခုတင်ပေါ်သို့ လှဲချလိုက် သည်။ အညို့ကို ချစ်တယ်တဲ့။ ဆန္ဒတစ်ခုအတွက် အလွယ်ပြောသော သကာရည်လောင်းတဲ့ အချစ်လား။ အညို မျက်ရည်များစွာဖြင့် ပြည့်လာသည့် မျက်လုံးကို မှိတ်ရင်း၊ ခေါင်းကို ခါပစ်လိုက်စဉ် မျက်ရည်စတွေ အဝေးသို့ လွင့်စင်သွားသည်။ မီးမှိတ်သံ ချောက်ကနဲ အကြားမှာ အညို ကမ္ဘာသည် အမှောင်အတိကျသွားလေတော့သည်။

***********

အိမ်ဆိုင်ရှေ့ လာရပ်သော ခြေတစ်စုံကြောင့် အညို မော့ကြည့်

လိုက်တော့၊ ထီးတစ်ချောင်း ဂျိုင်းကြားညှပ်ကာ ရပ်ကြည့်နေသော မမမြင့်။

'' ဩော်... မမမြင့်။ ဘယ်ကနေ လှည့်လာတာလဲ ''

'' အညိုဆီ သက်သက်လာတာ ပြောစရာရှိလို့... ''

'' လာလေ... အိမ်ပေါ်တက် မမမြင့်။ အညိုလဲ မမမြင့်ကို သတိရတယ်။ အိမ်ဆိုင်လေးကလည်း တစ်ယောက်တော့ ထိုင်နေမှလေ။ အမေကလည်း ကျန်းမာတယ်ဆိုပေမယ့် သိပ်အားရစရာ မဟုတ်ဘူးမို့လား။ အဲဒါ ကြောင့် မရောက်ဖြစ်တာ... ''

အညိုက ထုတ်လက်စ အချိုမှုန့်ထုပ်၊ ဓွန်းနှင့် ပလပ်စတစ်အိတ် လေးများကို ဘေးဖယ်ကာ မမမြင့်အတွက် နေရာလုပ်ပေးရင်း ပြောသည်။ မမမြင့်က ထိုင်နေရာမှ တော်တော်နှင့် မပြော။

'' မမမြင့် ပြောလေ... ဘာကိစ္စလဲ ''

'' ငါလည်း အားနာပါတယ်ဟယ်။ မပြောလည်း မပြောချင်ဘူး အညိုရယ်...။ ငရဲတွေလည်း ကြီးမှာစိုးတယ်။ ညည်းလူကြီးလေ တကျိကျိ နဲ့။ တစ်ခါလောက် တွေ့လိုက်ပါဦး ''

အညို ပြုံးသည်။

'' အညို အရင်က အမေ့ကျန်းမာရေးကြောင့် လုပ်မိတာပါ မမမြင့် ရယ်။ အညို မလုပ်တော့ပါဘူး။ အညို မသတီဘူး၊ အဲလို ဘဝတွေကို။ ကိုယ့်ကိုယ်ကိုယ် ရွံ့တယ် မမမြင့်။ အညို့ကို သတိတရနဲ့ ပြောပေးတာ ကျေးဇူးနော် ''

'' ပြန်လုပ်ချင်ရင်လည်း ပြော အညို။ မမမြင့်လည်း ပြန်မယ်။ ဈေးရော ရောင်းကောင်းရဲ့လား ''

'' စားလောက်တယ် အစ်မရေ...။ အမေ့ဆေးဖိုးနဲ့ဆိုတော့ မပို လျှံဘူးပေါ့ ''

'' အေး... အေး ဝမ်းသာတယ် အညိုရေ့ ''

မမမြင့် ပြန်သွားတာ ကြည့်ရင်း အညို သက်ပြင်းတစ်ချက်ချမိသည်။ အညို သည်လိုဘဝတော့ မဖြစ်ချင်။ အညို သည်လိုဘဝတော့ မနေရဲ။ အညိုစိတ်တို့သည် ဟိုတစ်ညဆီသို့ ပြန်ရောက်သွားသည်။

'' ဦးလေး အညို ပြန်တော့မယ် ''

ကိုယ်ပေါ်တင်ထားသည့် လက်ကို ဖယ်ရင်း အညို တိုးတိုးလေး ပြောမိသည်။

'' နေပါဦးလား အညိုရယ်။ အစ်ကိုကြီး ချစ်လို့တောင် မဝသေးဘူး''

'' ဟင့်အင်း အညို ပြန်မှဖြစ်မယ်။ အိမ်မှာ အမေတစ်ယောက်တည်း ရယ်... ''

အညို ပြောရင်း လူးလွန့်ကာ ထထိုင်လေသည်။ ဦးလေးက အညို လက်ထဲ အထုပ်တစ်ထုပ် ထည့်ပေးလိုက်သည်။

'' သေချာကိုင်သွား အညိုကလေး။ လိုအပ်တာရှိလည်း လာပြောနော် ''

အညို ခေါင်းညိတ်ရင်း အပြင်သို့ ထွက်လာသည်။ အပြင်မှာ ညက ပိန်းပိတ်အောင် မှောင်နေသည်။ အညိုကို မြင်တော့ မမမြင့် မှောင်ရိပ်တစ် နေရာမှ ပြေးထွက်လာပြီး

'' အညို အဆင်ပြေလား... ''

'' မမမြင့် အညိုလေ... အညိုလေ... ဟီး... ဟီး... ''

မမမြင့် ခန္ဓာကိုယ်အား ဖက်ပြီး မျက်ရည် တာကျိုးမတတ် ငိုမိသည်။ အိမ်ပြန်ရောက်တော့ အမေ့မှာ မအိပ်သေးဘဲ စောင့်နေရှာသည်။

'' အညိုရယ်... မိုးတွေ ချုပ်လိုက်တာဟယ်...။ အမေ့မှာ စိတ်ပူလိုက်

ရတာ ... အဟွတ် အဟွတ်... ''

'' အညို နေထက်လင်းကား ဝင်ကြည့်နေလို့အမေ။ အမေ ဆေးသောက်ပြီးပြီလား။ ပြီးရင် အိပ်နှင့်။ သမီး ငြီးစီစီကြီးဖြစ်နေလို့ ရေချိုးလိုက်ဦးမယ် ''

'' မနက်မှ ချိုးပါလားအေ...။ ဖျားနေမှဖြင့် အညိုရယ်... ''

'' ရတယ်အမေ။ လမ်းလျှောက်လာတော့ ချွေးတွေ ရွှဲနေလို့ ''

အညို ရေချိုးပြီး ပိုက်ဆံထုပ်လေးကို ဖြည်ကြည့်တော့ တစ်ထောင်တန် နှစ်အုပ်က အညို့ကို ပြုံးပြနေကြသည်။ အမေ့ဆေးဖိုးရပြီပဲ။ အမေ့ကို ဆေးကုနိုင်ပြီ။ အညိုရှေ့က ဖြစ်ခဲ့တာတွေကို သတိလဲ မရတော့။ သတိ လည်း မရချင်တော့ပါ။ မေ့ထားလိုက်မည်။ အညို့ဘဝကို ဒီငွေလေးဖြင့် လှပအောင် တည်ဆောက်မည်။ ထိုညက အညိုအိပ်မက်သည် သားရဲလက်မှ သမင်ပျိုလေးက အရာရာကို အောင်မြင်ပြီး အထက်စီးဆန်သော အပြုံး နှင့်

'' ဆီ တစ်ရာဖိုးအစ်မ ''

ဆိုင်ရှေ့မှာ လာရပ်သော ကလေးတစ်ယောက်ကြောင့် အညိုစိတ် တို့သည် ဆီခွက်အပေါ်သို့ တစ်ဖန်ပြန်ပြီး...။

***********

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ ဆိုသလို အမေလဲ တရောင် ရောင်ဖြစ်ပြီး ကျန်းမာရေးက ချူချာလာသည်။ ဆေးဖိုး မတတ်နိုင်သည့် အညို အိမ်ဆိုင်ပါ ပိတ်ပြီး အကြွေးသံသရာထဲ တစ်ဖန် လက်ပစ်ကူးရ ပြန်တော့၊ အညို ဟိုအိမ်ကို ဒုတိယအကြိမ်ရောက်ရပြန်ပေ့ါ။ နောက် တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ ပဥ္စမအကြိမ် သွားရသည့်နှင့်အမျှ လျော့လာရသည်က အညိုရသည့် ပိုက်ဆံ။ ကျပ်တည်း လာပြန်တော့ အညို မရှက်တော့။ အမေ့ဆေးဖိုး နှုတ်ရင်း စားဖို့

မလောက်သည့်အတွက် မဖြစ်မနေ လမ်းပေါ် ထွက်ရတော့သည်။ အညို ယောကျ်ားတွေကို မျက်စပစ် တတ်လာသည်။ ညုတတ်လာသည်။ အညို့ မျက်နှာပေးမှာ ဆေးစက်တွေ ထင်လာသည်။ နှုတ်ခမ်းမှာ နှုတ်ခမ်းနီအရောင်တွေ တက်လာသည်။ အညို့ မျက်လုံးတို့သည် အရင်ကလို ကြည်လင်မနေတော့။ မာယာတစ်မျိုးနှင့် ညို့ငင်တတ်လာသည်။ လုပ်ငန်း ကျွမ်းကျင်လာသည်နှင့်အမျှ အညို ဖောက် သည်တွေ များလာသည်။ ဟိုကအညို သည်က အညိုနှင့်ပင်။ အညိုသည် ဝတ်ရည်စုပ်သော ပျားတွေကြား ငွားငွားစွင့်စွင့် ပန်းတစ်ပွင့်။ အညို့ ပတ်ဝန်းကျင်မှာ အညို့ဆီက အပုတ်နံ့တွေ လှိုင်လာသည်။ သတင်းတွေ တစ်စတစ်စ ထွက်လာသည်။ အညို ဂရုမစိုက်တော့။ ဂရုမစိုက်အားတော့။ အညို့ဘဝကို အညိုသာ အသိဆုံးပဲ မဟုတ်ပါလား။ နောက်ဆုံး အမေ့နား ကိုပင် ပြန်ရောက်သွားသည်။ အမေငိုသည် အမေ ငိုတာမှ နင့်နင့်နဲနဲ ငိုသည်။အညို့ ကျောတွေကို ထုရိုက်ပြီးငိုသည်။ သို့ပေမယ့် အညို မငိုမိ။ အမေရိုက်တာကို အညို နာရမလား၊ မနာရမလား မသိတော့။ အညို နှလုံး သားသည် ခံစားချက် တစ်မျိုးဖြင့် ဟုန်နေသည်။ ဘယ်သူက ကြေးစား အပျော်မိန်းမဖြစ်ချင်မလဲ။ အညိုလည်း ကိုယ်ပိုင်ကားပေါ်က ကျော့ကျော့လေး ဆင်းလာတဲ့ မင်းသမီးလေး ဖြစ်ချင်တာပေါ့။ အညို့ စိတ်ထဲမှာ တစ်ယောက်တည်း တီးတိုးပြောနေမိသည်။

***********

ညက တော်တော်နှင့် အိပ်မပျော်ခဲ့သော အညို။ နံနက် အိပ်ရာထတော့၊ အမေ့မျက်နှာကို မကြည့်ရဲသဖြင့် ရှောင်နေမိသည်။ အမေက ချောင်းသံ တဟွတ်ဟွတ်၊ ချွဲခတ်သံ တရှီးရှီးကြားရသော်လည်း အညို အမေ့အနား မကပ်ဝံ့။

'' အညို ''

အမေ့အသံက မောပန်းကြီးစွာ ထွက်လာသည်။ အညို အမေ့အနား မရဲတရဲ ကပ်လာတော့၊ အမေ့လက်တစ်ဖက်က အညို လက်တစ်ဖက်ကို အုပ်ကိုင်ပြီး

'' သမီး ဒါမျိုးအလုပ်တွေကို မလုပ်ပါနဲ့တော့ သမီးရယ်။ အမေ့အတွက်ဆိုရင်လည်း အမေ သေရင်သေပါစေတော့…။ ဒီလို ပိုက်ဆံမျိုးတွေနဲ့တော့… အသက်မရှင်ပါရစေနဲ့ အညိုရယ်…။ ငါအသည်းတွေ နာလွန်းလို့ပါဟဲ့ ''

အမေ ငိုသည်။ အမေနှင့်အတူ အညိုပါ ရောငိုမိသည်။ အညိုစိတ် တွေကို လွှတ်ပြီး ရှုံးပွဲချကာ ငိုမိသည်။ အညို ငိုချင်တာကြာခဲ့ပြီပဲ။ အညို ငိုမရ၍ သာ မငိုခဲ့ရတာ လေ…။ အညို ငိုပါရစေ အမေရယ်…။

'' သမီး ဒီအလုပ်ကို ဆက်မလုပ်နဲ့။ အညို နောင်တရမယ်နော်။ ညည်းအရွယ်ရလာရင် လူတွေက ညည်းကို ဆေးဖော်ကြောဖက် မလုပ်ရင် ညည်း နောင်တရနေမယ်။ အမေ့စကားကို နားထောင်ပါသမီးရယ်နော် ''

'' ဟုတ်ကဲ့ ''

အညို လေးးတွဲစွာ ခေါင်းကိုညိတ်မိသည်။အမေမသိသော ကြွေးပူတွေ အညို့မှာရှိတာ အမေ မသိ။ အမေ့သမီးက တန်ဖိုးမရှိတော့ဘူး အမေ။ အညို တန်ဖိုး မရှိတော့ဘူး။ အမေ့သမီး ဘဝက အဖက်ဆယ်လို့ မရတော့ဘူး။ ဒါပေမယ့် အညို ကြိုးစားပါ့မယ်အမေ။

ဒီနေ့ အညို စောစော ပြန်လာခဲ့သည်။ အခြေအနေကလဲ မဆိုးသလို ဖောက်သည်တွေကြောင့် အညို မြိုးမြိုးမျက်မျက် ရလိုက်သည်။ အညို့ ဖောက်သည်တွေက ပင်လယ်ရေ လုပ်သားတွေ။ သူတို့ တွေကမ်းကပ်တဲ့ ဆယ်ရက် တစ်ပတ်လောက်တော့ အညို လမ်းထွက် မတ်တပ်ရပ်စရာ မလိုတော့ ။ တစ်ခုပဲ စိတ်ညစ်စရာရှိတာက ဧည့်သည်တွေသည် အကာအကွယ် မသုံးချင်။ အညို တတ်သမျှ မှတ်သမျှနှင့် နားလည်အောင် ပြောပြသော်လည်း နားမထောင်တော့…။ အညိုကလည်း ပိုက်ဆံလိုသည် ပဲလေ….။ ကိုယ့် ဧည့်သည် ငြူစူအောင်တော့၊ အညို မလုပ်ရဲ၊ အညို လမ်းထိပ် အရက်ဆိုင်ကနေ အမေအတွက် ကြာဇံကြော်

တစ်ပွဲဝယ်ပြီး အညို မြန်မြန် ပြန်လာလိုက်သည်။ပူတုန်းလေး အမေ့ကို စားစေချင်၍ ပင်။ ဟင်… အိမ်ရှေ့မျာ လမ်းထဲက လူတွေပါလား။ အညို တစ်စုံတစ်ရာကို တွေးကာ စိုးရိမ်သွားသည်။

'' အမေ ''

အညို ရင်တထိတ်ထိတ် ခုန်ရင်းဖြင့် အိမ်ပေါ်သို့ ပြေးတက်သွားလိုက်သည်။ လမ်းထဲက လူလေးငါးဆယ်ယောက်ကြားမှာ အသက်မဲ့နေ သော အမေ။

'' ဆုံးကာနီး နင့်အမေ မေးနေသေးတယ်။ သူ့စကားကို နားထောင်ပါလို့ တဖွဖွ မှာသွားတယ် မိညို ''

ဘေးအိမ်မှ အဒေါ်တစ်ယောက်ပြောသော စကားကို အညို ခေါင်းညိတ်မိလား၊ ခေါင်းခါမိလားပင် တောင်မသိတော့။ အညို သိသည်က အညိုကို အမေ ထားခဲ့ပြီ။အမေ လူ့လောက ထွက်ကာနီး အနားမှာ အညို မရှိ။ အမေသည် ဘယ်သူလက်ကို အားကိုးပြီး ဆုပ်ကိုင်ထားခဲ့ပါသလဲ။ သေချာတာကတော့ အညို မဟုတ်။ လောကမှာ တွယ်တာစရာ သမီးဖြစ်သူ က ပိုက်ဆံအတွက် အသွေးအသားတွေ ရောင်းဝယ်ပြုနေချိန်မှာ အမေ ဖြစ်သူက မှောင်မဲသည့် တဲကုတ်လေးထဲမှာ ပင်ပန်းချိနဲ့စွာ ဝေဒနာ ခံစားပြီး သေခဲ့ရသည်တဲ့။ အညို မျက်ရည်တွေ ကျလာသည်။ ရှိုက်သံတွေကနေ အော်ဟစ် ငိုယိုရင်း၊ အညို ရင်ထဲမှာ ဆို့နစ်အောင့်မျက် လာကာ အရာအားလုံး ဝေဝါးပြီး ခွေကနဲ လဲကျသွားတော့သည်။

***********

အမေ့ရက်လည်ပြီးသည်အထိ အညို အပြင် မထွက်မိ။အညို သည် အလုပ်တွေ မလုပ်ချင်တော့အမေ့စကားနားထောင်ကာ အညို လိမ်မာချင်သည်။ အညိုအလုပ် တစ်ခုခုလုပ်မည်ဟု ဆုံးဖြတ်ရင်း၊ ရေချိုး၊ ဖီးလိမ်း ပြင်ဆင်ပြီး အပြင်

ထွက်လာခဲ့သည်။ ခြေတိုအောင် အလုပ်ရှာသော်လည်း အညို
အတန်းပညာလောက်နှင့် အလုပ်ရဖို့က မလွယ်။ တချို့ကလည်း အညိုပုံစံကြည့်ကာ
ခေါင်းခါကြသည်။ ဟုတ်သားပဲလေ…၊ အညိုပုံစံက လည်း အရင်လို ရိုးသားတဲ့
အညိုမဟုတ်တော့၊ လောက၏ အထုအထောင်း တွေကို နောကြေအောင်
ခံစားထားရသလို ထုသားပေသား ကျနေသည့် ရုပ်ရှင်။ ရှင်းရှင်းပြောရရင်
မိန်းမလည်ရုပ်။ အညို မျက်လုံးတွေက ဉည့်သည် ရှာနေကြ မိန်းမပီပီ
ကြည်စင်မနေတော့၊ ဖြတ်ဖြတ်ခါမတတ် စူးရှနေသည် မှာ ညို့ငင်နေသည့်နှယ်။
အညို ကားတစ်စီးမှ တစ်စီးပြောင်းစီးပြီး သွားနေမိသည်။ သွားရင်းလာရင်း အကူ
ဈေးရောင်းသူ အလိုရှိသည်ဆိုသော ထမင်း ဆိုင်တစ်ဆိုင်မှာ ဝင်စားရင်း
စုံစမ်းကြည့်သည်။

" အလုပ်ကတော့ ရပါတယ်။ ဒါပေမယ့် ဒီမှာက မနက်စောစော
အိပ်ရာထပြီး ချက်ပြုတ်ရတယ် ညီမ။ ဒါကြောင့် ဒီမှာ လာနေနိုင်မှ ရမယ်။
လာနေနိုင်မလား။ ညဖက်တော့ တခြားကောင်မလေးတွေနဲ့ အောက်ထပ်မှာ
အိပ်ကြပေ့ါ။ ငါနဲ့ငါ့မိန်းမကတော့ အပေါ်ထပ်မှာ အိပ်တယ် "

" အညို နေနိုင်ပါတယ်။ အညို အလုပ်လုပ်ပါရစေ။ ဘာအလုပ်ပဲ
ဖြစ်ဖြစ် အညို လုပ်နိုင်ပါတယ် "

အညို ဝမ်းသာအားရပြောမိသည်။ အညို့ဘဝကို အညို အဖတ် ဆယ်ဖို့
အညို သည်နေရာမှာ ဇာတ်မြုပ်နေမည်။ အညို့ ပတ်ဝန်းကျင်ကနေ အညို
ခဏရှောင်ပုန်းနေရမည်။ ကြာတော့လည်း အညိုဆိုသော မိန်းမငယ်ကို သူတို့
မေ့ကုန်ကြမှာ သေချာသည်။

" အဲဒါဆို ငါ့မိန်းမကို ခဏစောင့်။ သူ ဈေးက ပြန်လာရင်တော့
လစာကိစ္စပြောဆိုပြီး နင့်အဝတ်အစားတွေ ပြန်ယူလိုက်ပေ့ါ ဟုတ်လား"

" ဟုတ်ကဲ့ ဦးလေး။ ကျေးဇူးတင်ပါတယ်ရှင့် "

ဆိုင်ရှင်မိန်းမလာတော့ အညို့ကို မနှစ်မြို့သလို သေချာကြည့်ပြီး

'' ညည်းက အပျိုလား။ ညည်းပုံက အပျိုနဲ့လည်း မတူဘူး။ ဒီမှာ အလုပ်လုပ်ရင်တော့၊ ရှုပ်ရှုပ်ယှတ်ယှတ် မလုပ်နဲ့လို့ မှာချင်တယ်။ ထမင်းဆိုင်ဆိုတော့... သိတဲ့အတိုင်း လူဝင်လူထွက်များတယ်။ ယောကျ်ားတွေနဲ့ ပရောပရီ မလုပ်နဲ့ပေ့ါအေ။ ညည်းလိုက်နာနိုင်ရင် လုပ်ပေ့ါ။ ငါလည်း လူလိုနေတာပဲ ''

အညိုမျက်နှာသည် ဝမ်းသာလွန်း၍ ဘာပြောရမှန်း မသိအောင် ပင်၊ ဆိုင်က ထမင်းဆိုင်ဆိုပေမယ့် အရက်၊ ဘီယာပါရောင်းတော့၊ ဟိုင်းဝေး ကားသမားတွေ အကြိုက်။ အညိုတို့ကဲ့သို့ပင် လှတပတ ငယ်ရွယ်သော ကောင်မလေးတွေလည်း ရှိသည်ကိုး...။ ဒီမှာ အလုပ်ပင်ပန်းပေမယ့် အညို ပျော်သည် ။ အညို့ဘဝသည် အခု တစ်ဖန် ပြန်ပြီး အေးချမ်းလာသည်။အလုပ်ကို မခိုမကပ်ပဲ လုပ်သည့်အတွက်ဆိုင်ရှင်အမျိုးသမီး၏ မျက်နှာသာ ပေးခြင်းကို အညိုခံရသည့်အပြင် ဘဝတူကောင်မလေးတွေ၏ ချစ်ခြင်းကိုပါ အညို ရခဲ့သည်။ ဒါကြောင့် အညို ဒီထမင်းဆိုင်ကို ဘယ်တော့မှခွဲမသွားဟု ဆုံးဖြတ်ထားသည်။အညို့ ဘဝကို အညို ကျေနပ်စိတ်ဖြင့် အသံထွက် အောင်ပင်အညိုရယ်မောမိသည်။ မှန်ထဲတွင် မြင်နေရသည့် အညိုသည် သနပ်ခါး ပါးကွက်ကလေးဖြင့် ကြည်ကြည်စင်စင် ပြုံးနေသည်မှာ ချစ်စရာ ပင် ကောင်းသေးတော့သည်။ အညိုမျက်နှာပေါ်က မောဟဆေးရောင်စုံများသည် အချိန်ကာလတစ်ခုအကြားတွင် ခပ်ပါးပါး ပျောက်ကွယ်သွားတော့ သည်။

ဒီနေ့တစ်မနက်လုံး နယ်ကား အဝင်များသောကြောင့် အညိုတို့ လက်မလည်။ လူက စုပြုံပြီး ကျလာသည့်အတွက် အညို ဈေးကိုပင် နောက်တစ်ခေါက် ပြေးဝယ်ရသည်။ဈေးက ပြန်ရောက်ရောက်ချင်း ဆိုင်ထဲသို့ အညို လှမ်းအဝင်မှာ ခြေလှမ်းတို့ တုံ့ကနဲ ဖြစ်သွားကာ...။

'' ဟင်... ''

အညို ခြေလှမ်းတွေပင် မှားတော့မတတ်ဖြစ်ပြီး ဆွဲထားသည့် ဆွဲခြင်းကပင် ရုတ်တရက် လေးလံလာသလိုဖြစ်လာသည်။ ချွေးစက်တချို့ မျက်နှာပေါ် သီးတက်လာသည်။ ဆိုင်ရှင်လူကြီးနှင့်အတူ ထိုင်ပြီး ထမင်း စားနေသော လူက တစ်ချိန်က အညိုဧည့်သည်။ အညို့ဖောက်သည်စစ် စစ်။ သူကလည်း အညိုကို မြင်သွားသည်နှင့် ထိုင်နေရာကနေ ထလာသဖြင့် အညို နောက်ဖေးမီးဖိုချောင်ဆီသို့ သုတ်ခနဲ ထွက်ပြေးလာခဲ့လိုက် သည်။

'' အညို နင်ပျောက်နေတယ် အောင့်မေ့နေတာ၊ နင်က နယ်ပြောင်းလာတာကိုး... ''

'' အစ်ကို ကျွန်မ အဲဒီ အလုပ် မလုပ်တော့ဘူး။ ကျေးဇူးပြုပြီး မသိသလို နေပေးပါနော် ''

'' အဲလိုမျိုးတော့ မလုပ်နဲ့လေဟာ...။ အပြန်ကျရင် ငါတို့ကားနဲ့ လိုက်ခဲ့ ''

'' ကျွန်မ မလုပ်တော့ပါဘူးဆို အစ်ကိုရယ်... ''

'' ဘာလဲ။ နင်က ဈေးကိုင်တာလား။ ပေးမှာပါဟ ''

'' ကျွန်မ လုပ်မစားတော့ဘူး။ ကျွန်မ ကောင်းကောင်းမွန်မွန်နေတာကို နားလည်ပေးပါ အစ်ကို ''

'' လာစမ်းပါဟာ နင်ကလည်း အထာကြီးနဲ့ ''

ကားသမားက နည်းနည်းမူးနေတာရော၊ ပမာမခန့် လုပ်ချင်တာ ပါရောပြီး လှမ်းအဖက် အညိုက ဒေါသဖြင့် ဆောင့်တွန်းလိုက်သည်။ ဟန်ချက်ပျက်သွားသော ကားသမား ဒေါသသံဖြင့်

'' ကောင်မ နင့်ကိုနင် ဘာထင်နေလဲ။ အပျက်မက အပျက်မ အလုပ်ကို လုပ်ကိုင်မစားဘူးဆိုတော့... နင် ဒီအိမ်က ဘာခိုးမလို့ ရောက်နေတာလဲ။

ဒါငါ့သူငယ်ချင်းဆိုင်။ နင့်ကို အလုပ်ပြုတ်အောင် လုပ်ပစ်မယ်။ ကောင်မ တောက်... ''

ထိုလူ ထွက်သွားသည့်တိုင် အညို အပြင် မထွက်ရဲ။ ကြောက်လန့်တကြား ကားသမားကို ချောင်းကြည့်နေမိသည်။ ဆိုင်ရှင်ယောက်ျားကို ဘာပြောသွားမှန်းမသိ။ ဟိုလူက တပြုံးပြုံး တရယ်ရယ်နှင့် ချော့နေတာကို တွေ့ရသဖြင့် အညို စိတ်အေးသွားသည်။ ပြဿနာက ထိုမျှနှင့်ပြီးသွားခဲ့ သော်လည်း မပြီးနိုင်သည်က ထမင်းဆိုင်ပိုင်ရှင် ဦးကိုကိုနိုင်။ အညို ဘာဆိုတာ သိပြီးကတည်းက အညိုကို သွေးတိုး စမ်းချင်လာသည်။ မတော်တဆ ဖြစ်သလိုနှင့် အညို့ ပေါင်ကို ထိသလို တင်ပါးကို ထိချင်သလို လုပ်လာသည်။ တစ်ခါတစ်ရံတွင် အညို ရေချိုးနေလျှင်ပင်၊ လက်ဆေးသလို ခြေဆေးသလိုနှင့် အနားကပ်လာသည်မို့ အညိုမှာ သတိထား ရှောင်ရှားနေရသည်။ ကြာတော့ သူ အမူအရာတွေကြောင့် ဆိုင်ရှင် အမျိုးသမီးကပါ အညို့ကို တစ်မျိုးထင်လာတော့သည်။

'' အညို လာဦး ''

'' ဟုတ်အစ်မ။ ဘာခိုင်းချင်လို့လဲ ''

'' ခိုင်းချင်တာတော့ မဟုတ်ဘူး ပြောချင်တာ...။ နင်နေတာ ထိုင်တာ တစ်မျိုးဖြစ်နေတယ်။ ငါ သိပ်မကြိုက်ဘူး အညို။ နေတာထိုင်တာ စည်းကမ်းရှိစမ်း ''

'' အညို ဘာလုပ်လို့လဲ။ အညို နေတာ ထိုင်တာ အစ်မမြင်တာပဲ''

'' အေး မြင်လို့ ပြောရတာ ပေါ့။ ရှင်းရှင်းပဲ ပြောမယ်။ နင် ငါ့ယောက်ျားနဲ့ ထိကပါး ရိကပါး မနေနဲ့ ငါ မကြိုက်ဘူး ''

'' ကျွန်မ ဘယ်လို နေလို့လဲ။ ကျွန်မ အလုပ်ကို ကျွန်မလုပ်နေ တာပဲ။ အစ်မယောက်ျားကိုသာ အစ်မပြောထား... ''

'' ဟဲ့ ယောက်ျားဆိုတာ အလကားရရင် တတို့ပဲ တို့ရ တို့ရ

တို့ချင်တဲ့ဟာတွေချည်းပဲ။ နင်သာ ညိုမြ လုပ်မနေရင် ဘာမှ ဖြစ်စရာကို မရှိဘူး။ ညည်း အလုပ်မလုပ်ချင်တော့ရင်လည်း ထွက် အညို။ သူများ လင်ကိုတော့ ကြောင်တောင်နှိုက်မနေနဲ့ ''

အညို ဒေါသကြောင့် စကားပင် ပြန်မပြောနိုင်တော့၊ နှုတ်ခမ်း ပြုတ်လုမတတ် ကိုက်ရင်း လှည့်ထွက်လာခဲ့သည်။ အညို့ဘဝသည် ဘယ် တော့မှ အေးချမ်းမှာပါလိမ့်။ အရိပ်မည်းကြီးသည် အညိုနောက်သို့ တကောက်ကောက် လိုက်လာသည်ပင်။ နောက်ထပ် အလုပ်တစ်ခုတော့ ရှာမှ ဖြစ်မည်။ အညို စိတ်ညစ်ညူးစွာဖြင့် မီးဖိုချောင်ထဲ ထိုင်ချပစ်လိုက် သည်။ တစ်နေကုန် တစ်နေခမ်း လှုပ်ရှားပြေးလွှားနေရသောကြောင့် ညဖက် ဆိုင်သိမ်းအပြီးတွင် အညို ပင်ပန်းလွန်းသဖြင့် မှေးခနဲ အိပ်ပျော် သွားခဲ့သည်။ တစ်စုံတစ်ခုသော ထိတွေ့မှုကြောင့် အညို စိတ်တို့ ထူးဆန်းလာသည်။ စိတ်လှုပ်ရှားမှုကြောင့် အညို တီးတိုးအသံထွက်ရင်း၊ အိပ်နေရာ မှ အညို ဖျတ်ကနဲ အနိုးမှာ အညို အပေါ် အုပ်မိုးခွစီးထားသော ဦးကိုကိုနိုင် အညို ရှက်လန့်တကြား ရုန်းထမိသည်။ သို့သော် အင်းအားခြင်း မမျှသည့် အပြင် ကာမဘီးလူး စီးနေသောကြောင့် အညို ရုန်းကန်မှုက အချည်းအနှီး ပင်။

'' ကယ်ပါဦးရှင်။ အန်တီမေ။ အလုံး။ မိစုတို့ လာကြပါဦး ''

အညိုအသံသည် မောပန်းကြီးစွာ ထွက်လာသော်လည်း မည် သည့် တုံ့ပြန်သံမျှ မကြားရ။

'' တိတ်စမ်း မိညို ဘယ်သူမှ မရှိဘူး။ သူတို့အခွေ သွားငှားတယ်။ နင်နဲ့ငါ နှစ်ယောက်ထဲ ရုန်းမနေနဲ့တော့…။ ငါ ပိုက်ဆံပေးမယ် ''

'' ဦးလေး အဲလို မလုပ်နဲ့။ ကျွန်မ မကြိုက်ဘူးလွှတ်ပါ ''

အညို အတင်းရုန်းကန်ရင်း လွတ်ထွက်သွားသော လက်တစ်ဖက် ဖြင့် စမ်းမိသော သနပ်ခါးတုံးနှင့် ခေါင်းကို ထုချပစ်လိုက်သည်။ သို့သော်

အသားပိုနာသွားသော ဦးကိုကိုနိုင်က ပိုပြီး ကြမ်းကြမ်းတမ်းတမ်း ချုပ်ကိုင်တော့သည်။ ဟင့်အင်း၊ အညို့ကို ဒီလို ဆက်ဆံတာ အညို မကြိုက်ဘူး။ ဘဝပေး အခြေအနေကြောင့် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ ဒီလို နိုင့်ထက်စီးနင်းတော့ အညို အလုပ်မခံနိုင်။ အညို ရုန်းကန်အားတို့ လျော့လာသည်။ အခုတော့ အညိုသည် သူ လက်ခုပ်ထဲက ရေ။ အညို ရုန်းကန်အား လျော့သွားသော ကြောင့် တစ်ဖက်မှ ချုပ်ကိုင်အားပျော့လာသည်။ အညိုသည် ထိုအရာကို အခွင့်ကောင်းယူလျှက် နောက်တစ်ကြိမ် သနပ်ခါးတုံးဖြင့် အားကုန်ရိုက်ချ ပစ်လိုက်တော့သည်။ ဘေးသို့ လဲကျသွားသော ဦးကိုကိုနိုင်အား အညို ကြောက်လန့်တကြားဆက်တိုက် ရိုက်နေရင်း အညို သတိရလာတော့ သွေးအိုင်ထဲမှာ လဲကျ မေ့မြောနေသော ဦးကိုကိုနိုင်။ အညို့သူ့လက်မှ သွေးပေနေသော သနပ်ခါးတုံးကို အလန့်တကြား ပစ်ချရင်း၊ မျက်ရည်များ ကျလာသည်။ ကြောက်ရွံ့ ထိတ်လန့်စွာ အညို အငိုရင်းပြီး ဦးကိုကိုနိုင်အား ကြည့်မိသည်။

သေသွားပြီးလား မသိ။ သူ သေသွားလျှင်ဖြင့် အညို လူသတ်မှု ဖြင့် ထောင်ကျတော့မည်။ အညိုဘဝ၏ နုပျိုမှုများသည် ထောင်ထဲမှာပင် ကုန်ဆုံးရတော့မည်။ ဟင့်အင်း အညို အဲလိုအဖြစ်မခံနိုင်။ လုံးဝ အဖြစ် မခံနိုင်။ အညို ဆတ်ကနဲ ထရပ်ရင်း မှန်ကိုယူကြည့်လိုက်သည်။ မှန်ထဲမှာ ဆံပင် စုတ်ဖွား မျက်ရည်စီးကြောင်းနှင့် စုတ်ချာသော မိန်းမငယ်သည် အညို့ကို ပြူးကြောင်စွာ စိုက်ကြည့်နေသည်။ အညိုသည် ဆံုးဖြတ်ချက် တစ်ခုကို ပိုင်နိုင်စွာ ချရင်း၊ နောက်ဖေးဘက်သို့ ပြေးထွက်ကာ သွေးပေ နေသော လက်ကို ဆေးကြောပြီး မျက်နှာသစ်လိုက်သည်။ ရှိသမျှ အဝတ် အစားနှင့် အညို့လစာ ပိုက်ဆံလေးများကို အိတ်ထဲထည့်လိုက်သည်။ အညို အဖမ်းမခံနိုင် အညို ထွက်ပြေးရမည်။ အညို ဆိုင်အပြင်သို့ ပြေး ထွက်ကာ ဆိုင်၏ ဘုရားကျောင်းဆောင်ရှေ့တွင် မတ်တပ်ရပ်ရင်း ဘုရား ရှိခိုးလိုက်သည်။

အညိုကို စောင့်ရှောက်တော်မူပါဘုရား။ အညို စိတ်တွေ အရမ်း

လှုပ်ရှားနေပြီး လူက ကတုန်ကယင်ဖြစ်နေသည်။ သွားမည်။ ဘာဖြစ်ဖြစ် အညို့ဘဝသည် အားကိုးရာ နတ္ထိ။ ကယ်မဲ့သူ မရှိ။ အညို မည်မျှ မှန်နေ ပါစေ။ အညိုဘက်က လိုက်ပြီး ကာကွယ်မယ့်သူ မရှိချေ။ အညို မီးအားလုံးကို မှိတ်လိုက်သည်။ ဆိုင်ရှေ့တံခါးကို ဖွင့်မည် အလုပ်မှာပင်။

'' အညိုရေ... အညိုရေ... ''

ဆိုင်ရှင်အစ်မ ပြန်လာပြီ။

အညို စိတ်တို့ ချောက်ချားကာ ဆောက်တည်ရာမဲ့ ပြေးလွှားနေ မိသည်။ ပြေးရင်း နောက်ဖေးပေါက်သို့ အရောက် ထိုအပေါက်မှ ထွက် ကာ အမှောင်ထဲသို့ တိုးကာ တိုးကာပြေးသည်။ မောပန်းသော်လည်း မနား။ နားလို့လည်း မဖြစ်ချေ။ အညိုဘဝအတွက် အညို လွတ်မှဖြစ်မည်။ အညို့ ခြေထောက်တို့သည် ရွှံ့အလိမ်းလိမ်း။ ဆူးခြုံတို့ကြောင့် အညို ခြေသလုံးတို့သည် သွေးအလိမ်းလိမ်း။ ပြေးရင်း အညို ကားဂိတ်သို့ ရောက် လာသည်။ ရေမြောင်းတစ်ခုမှ ရေဖြင့် အညို ခြေထောက်ဆေးကြောပြီး ကားပေါ်သို့ အညို တက်လိုက်သည်။ အညို တခဏတော့ လွတ်မြောက် လာခဲ့ပြီ။

***********

# အညို (၁)

ကားက အဝေးပြေးဝင်းတစ်ခုသို့ ဆိုက်ရောက်သည်။

ခရီးသည်များနှင့်အတူ အညို ရောနှောဆင်းလိုက်သည်။ အညို ဒီမြို့ထဲပိုင်းကို သိပ်မသိ မရောက်ဘူးချေ။ ဒါပေမယ့် အညို ခပ်တည်တည် လမ်းလျှောက်ထွက်လာပြီး ကားဂိတ်တစ်ခု၏ ခရီးသည် စောင့်ရန်လုပ်ထားသည့် နေရာမှာ ဝင်ထိုင်နေလိုက်သည်။ အညို့မှာ ပိုက်ဆံ သိပ်မပါ။ ဒီကြားထဲ အညို နေဖို့ စားဖို့က ရှိသေးသည်။ အညို သက်ပြင်းကို ဟူးခနဲ မြည်အောင်ချရင်း လူတွေအကြောင်းကို တွေးနေမိသည်။ ကံတရားသည် အညို့ဘက်မှာ မရှိ။ အညို့ကို လူကောင်းတစ်ယောက်ဖြစ်ခွင့် မပေး။ အညို အလင်းထဲ ဘယ်လောက်တိုးဝင်ဝင် အညို့ကို အမှောင်ထဲသာ ပြန်ပို့ ပေးနေသည်။ ဒါလဲ အညို့ ရပ်တည်ချက် တစ်ခုပေပဲလားမသိ။ လောက ကြီးကို အညို အရွဲ့တိုက်ပစ်ချင်လာသည်။ လူတွေကို အညို မုန်းသည်။ ပိုက်ဆံမရှိသော ဆင်းရဲသော ဘဝတွေကို နိုင့်ထက်စီးနင်း လုပ်ချင်ကြ သည်။ အညို ကောင်းကောင်းနေလည်း ကောင်းကောင်းဖြစ်မလာ။ အညို ကောင်းနေတော့ရော ဘာဖြစ်လာမှာမို့လို့လဲ။ အညို ထိုင်နေရာမှ စိတ်လိုက် မာန်ပါ ထထွက်လာမည်အပြုတွင်

'' ဘယ်သွားမလို့လဲ ညီမလေး ''

အညို မော့ကြည့်လိုက်သည်။ အညို နှုတ်ခမ်းတွင် အပြုံးတစ်ပွင့် ဖြစ်ပေါ်လာသည်။ ထိုအပြုံးသည် လှောင်ပြုံး၊ သရော်သောအပြုံး၊ ထိုအပြုံး မှာ ဝမ်းနည်းသော အရွဲ့တိုက်လိုသော မထီမဲ့မြင်သော ခံစားချက်မျိုးစုံတို့ ဖြစ်ပေါ်နေသည်။

'' အိပ်စရာ နေရာရှာနေတာ... ''

'' အစ်ကိုနဲ့ လိုက်ခဲ့လေ...။ ရေ မီးအစုံပဲ ဟင်း ဟင်း။ ဘယ် လောက် ပေးရမလဲ။ ညီမလေး ပြောကြည့်ပေါ့ ''

အညိုက လက်နှစ်ချောင်း ထောင်ပြလိုက်သည်။ ခဏတဖြုတ် ဈေးဆစ်ပြီးတော့ အညို ထိုလူ ကားပေါ် လက်ဆွဲအိတ်တစ်လုံးနှင့် ပါသွားတော့သည်။ တစ်ညတော့ ခိုစရာရလေပြီ။

တစ်စုံတစ်ရာ လှုပ်နိုးသံကြောင့် အညို ဆတ်ခနဲ ထလိုက်မိသည်။

အညို တွေ့လိုက်သည်က ညကလူ။ ထိုလူက အပြုံးမျက်နှာဖြင့်

'' ထတော့လေ... မိုးတောင်တော်တော် လင်းနေပြီ ''

'' ဟုတ်ကဲ့ ''

အညို မျက်နှာသစ်ရင်း၊ ရေပါ တစ်ပါတည်း ချိုးလိုက်သည်။ ထို့နောက် ပေ့ါပါးစွာ အိမ်ရှေ့သို့ ထွက်လာခဲ့လိုက်သည်။ ညက လူက အညိုလက်ထဲကို ပိုက်ဆံနှစ်သောင်း ထည့်ရင်း

'' အပြည့်ပေးလိုက်တယ် ညီမ ''

'' ကျေးဇူးပါအစ်ကို ''

'' ထိုင်ပါဦး အေးဆေးပေ့ါ။ အစ်ကိုက လူလွတ်ပါညီမ။ အေးအေး ဆေးဆေး နေလို့ရတယ် ''

အညို ထိုင်ခုံတစ်ခုပေါ်သို့ ဖြေညှင်းစွာ ထိုင်ချလိုက်သည်။ အညို လှုပ်ရှားမှုကို စောင့်ကြည့်နေသည့်လူက

'' ညီမအကြောင်းကို သိချင်နေမိတာ...။ အပန်းမကြီးရင် ပြောပြပါလား... ''

'' ဟင့်အင်း။ ဘဝဆိုတာ လှပတာတွေရှိမှ ပြောလို့ကောင်းတာ။ အညို့ဘဝက ပြောကောင်းတာ ဘာတစ်ခုမှ မရှိခဲ့ဘူး။ ဒါကြောင့် အညို မပြောချင်ဘူး။ အညို့ကို ခွင့်ပြုပါဦး ''

'' နောက်နေ့တွေရော တွေ့လို့ရမလား အညို ''

'' ကံမကုန်ရင်ပေ့ါအစ်ကို။ အညိုက လမ်းပေါ်က မိန်းမပဲ ဖြတ်သွားဖြတ်လာလောက်တော့ အစ်ကို တွေ့မှာပေ့ါ။ ဘာလို့လည်းဆိုတော့ အညိုတို့ဘဝတွေက ဘယ်သူ့ဘဝထဲမှာမှ ကြာကြာရပ်ခွင့် မရဘူးလေ။ အညိုတို့က ကြေးစား အပျော်မယားတွေကို ''

အညိုအပြောကို ထိုလူ ပါးစပ်အဟောင်းသားဖြင့် နားထောင်ကာ ငြိမ်သက်သွားသည်။ အညို ထိုအိမ်က ထွက်လာခဲ့လိုက်သည်။

အညို ပါလာသောပိုက်ဆံနှင့် စျေးခပ်ပေါပေါ တည်းခိုခန်းတစ်ခုကို ရှာပြီး တည်းလိုက်သည်။ နေရေးထိုင်ရေးအတွက် စိတ်အေးရပြီမို့ အညို ရှေ့ဆက်ပြီး ဘဝရပ်တည်ဖို့အတွက် စဉ်းစားရတော့သည်။ မြို့ လယ်ခေါင်က အညို့အတွက် အစိမ်းသက်သက်ပေမို့ အညို စုံစမ်းရင်း အလုပ် လုပ်ရပါမည်။

***********

(၃၈)လမ်းကားမှတ်တိုင်။

ညနေ ရုံးဆင်းပြီးမို့ ကားမှတ်တိုင်မှာ ကားစောင့်သူများနှင့် ပြည့်သိပ်စည်ကားနေသည်။ အညိုလက်မှာ စတီးချိုင့်လေးတစ်လုံးနှင့် စလင်းဘတ်တစ်လုံး လွယ်ကာ လူအုပ်ကြားထဲ ဝင်ရပ်လိုက်သည်။ အလုပ်ဆင်း လာသည့် မိန်းကလေးဟန်ဖြင့် ရပ်နေပေမယ့် အညိုမျက်လုံးများက ယောကျ်ားများထံမှာ မျက်လုံးအကြည့်က ညို့ငင်စွာ၊ နှုတ်ခမ်းနှစ်လွှာက လည်း ပြုံးချိုစွာ။ တဖြည်းဖြည်းနှင့် မိုးချုပ်စပြုလာတော့ အညိုနှင့်ဘဝတူ မိန်းကလေးတွေ တစ်စတစ်စရောက်လာသည်။ မှတ်တိုင်ဘက်မှာ တချို့ က ဆွဲခြင်းဆွဲကာ ဆွဲကာ၊ တချို့က စလင်းဘတ်အိတ်၊ တချို့က ထမင်း ချိုင့်လေးတွေနှင့် အညိုကဲ့သို့ ညငှက်လေးတွေက အညိုကို ကွက်ကြည့် ကွက်ကြည့်နှင့်။ အညိုက လွတ်လပ်သည်။ သို့သော် သူတို့မှာက အုပ်ထိန်း သူနှင့် ရှင်းရှင်းပြောရရင် သူတို့ကို 'ခေါင်း'

ချုပ်ကိုင်ထားပြီးသား။ ဒီနေရာ ဒီမှတ်တိုင်သည် သူတို့ စားကျက်မို့ အရမ်း နာမည်ကြီးသည်။ အားလုံးက စကတ်အတို ဘောင်းဘီအကျပ်တို့ဖြင့် အလန်းလွန် အလွန်လန်းနေကြသည်။ အညို ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ရင်း ရယ်ချင်မိသွားသည်။ အညိုကိုယ် ပေါ်မှာက ချည်ထမီပွင့်ရိုက် ဝမ်းဆက်လေးနှင့်သာ။ သို့သော် ကိစ္စမရှိချေ။ နောက်တော့ အညိုလည်း ဒါမျိုးဖြစ်လာလိမ့်မည်။ အခါအားလျော်စွာ ရိုးသားခဲ့သည့်အတွက် အညို ကိုယ်ပေါ်က အဝတ် အစားများကို အညို မျက်နှာပူခဲ့သည်။ အညို မတ်တပ်ရပ်နေသည့် နား မိန်းကလေးတစ် ယောက် ကပ်လာသည်။ ဆေးလိပ် တစ်လိပ်ကို မီးညှိ ရှိုက်ဖွာရင်း အညို့ကို ခပ်လွန့်လွန့်လေး ပြုံးပြသည်။ အညို ပြန်ပြုံးပြ တော့ သူက အနားသို့ ကပ်လာရင်း

" ဟဲ့ နင်က အသစ်လား... "

" ဟုတ်တယ် ကျွန်မက အသစ် "

" အဲဒါဆို ဒီနားမှာ ရပ်လို့ မဘူး။ အာကျယ်မနဲ့တွေ့ရင် နင် ပြဿနာ အကြီးအကျယ်တွေ့လိမ့်မယ် "

" ဘယ်သူလဲ အာကျယ်မ။ ပြီးတော့ ဒါဘတ်(စ်)ကားဂိတ်ပဲဟာ ဘယ်သူ ရပ်ရပ် မရဘူးလား "

" မရလို့ပေါ့ဟဲ့။ ငါတို့ဒီနားမှာ ဒီလိုလုပ်စားလို့ရအောင်... ငါတို့ ရဲကို လိုင်းကြေးပေးထားရတာ ...။ နောက်မို့ဆို ရှော့ရှိတယ်။ ဒိုးတော့ ကောင်မ။ စားကျက် လာမလုနဲ့ "

စကားပြောနေစဉ်မှာပင် ကားတစ်စီး ရပ်လာပြီး ကားမှန်တစ်ချပ်က လျှောကနဲ ပွင့်လာသည်။ ကားပေါ်မှ လူတစ်ယောက် မျက်နှာပေါ်လာသည်။ အညိုနှင့် စကားပြောသော တစ်ယောက်က သူ့ဆံပင်ကို လက်ညှိုး နှင့် လိမ်ပြီး ကစားနေရာမှ ဆတ်ကနဲ ရှေ့သို့တိုးကာ ကိုယ်ကို ငုံ့ကိုင်း၍ ကားတံခါးပေါ်ကို

လက်ထောက်လိုက်သည်။

'' ပြော... ဘာလုပ်ပေးရမလဲ ''

'' ဟိုတစ်ယောက်က အသစ်လား ''

'' မသိဘူး ကျွန်မတို့လူ မဟုတ်ဘူး။ အသစ်လို့ ပြောတယ်။ ဒီနေရာမှာ အသစ်လာလုပ်တာ နေမှာပေ့ါ ''

'' သူ့ကို ခေါ်ချင်တယ် ''

'' ဟဲ့ ကောင်မ နင့်ကို ခေါ်နေတယ် ''

ကောင်မလေး မကျေမနပ်ဖြင့် နောက်ဆုတ်သွားသည်။ အညို ရှေ့သို့ တိုးလာပြီး စျေးညှိသည်။ အတန်ကြာ စျေးညှိပြီး စျေးတည့်သွား သည့်အတွက် အညို ကားပေါ်သို့ တက်မည်အပြုတွင်

'' ဟဲ့ကောင်မ ''

အညို ဆံပင်ကို နောက်မှ ဆုတ်ဆွဲခြင်းခံရပြီး အညို့မျက်နှာ တစ်ပတ်လည်သွားသည့် ခဏမှာပင်၊ ဖြောင်းကနဲ ပါးရိုက်သံနှင့်အတူ အညိုမျက်နှာ ခါကနဲ လည်သွားသည်။ အညို မျက်စိတွေ ပြာဝေသွားစဉ်ပင် မိန်းမ လေးငါးယောက်က အညိုဆံပင်ဆွဲဆောင့် လှဲချလိုက်ပြီး တွန်းတိုး ကန်ကျောက်ကြသဖြင့် အညို လမ်းပေါ်သို့ လဲကျပြီး လူအုပ်ကြား ထဲမှာ သူတို့ လုပ်သမျှ ခံနေရတော့သည်။

'' ကောင်မ။ ငါ့ဒီနေရာမှာ ဒီအချိုးမျိုး လာမချိုးနဲ့။ ငါ ဘာကောင် မလဲဆိုတာ သိသွားမယ်။ နင်တို့ထက် မိုက်လို့ နင်တို့လိုဟာတွေကို ထောင်စားနေတာ... ''

အညို နာကျင်စွာ လဲကျနေရာမှ အသံပိုင်ရှင်ကို အားယူပြီး မော့ကြည့်လိုက်သည်။ အသံပိုင်ရှင်ကို မတွေ့ရသော်လည်း အညို့ပတ်ဝန်းကျင်တွင်

အညိုတို့ဖြစ်ရပ်ကို ဝိုင်းကြည့်နေကြသော လူအုပ်ကြီးကို အညို ရှက် ရွံ့စွာ တွေ့လိုက်ရသည်။ အညို အတင်း ကုန်းထသည်။ ချက်ချင်း ထမရ။

အညို့ကို ဘယ်သူ့ကမှ လာရောက်တွဲမည့်သူ မရှိ။ ပြည့်တန်ဆာမ တစ်ယောက်၏ လက်ကို ကိုင်ဖို့ ရွံ့ရှာနေကြလား။ မုန်းတီးနေကြလား အထင်သေး၍ လားဆိုတာ အညို မသိ။

'' အဲဒီ ကောင်မကို ထူလိုက်စမ်း။ တော်ကြာ နင်တို့လင်တွေ လာတော့မယ်။ ပြီးရင် စကားတွေ အပိုပြောရဦးမယ်။ ကျက်သရေ မရှိတဲ့မိန်းမတွေ။ ပြဿနာပေါင်း သောင်းခြောက်ထောင် ရှင်းနေရတာ တော့ မသိကြဘူး။ ငါ့ကို ပိုက်ဆံပေးဖို့ကျရင် အသံပေါင်းစုံကြားရတယ်။ ခွေးသူတောင်းစားမတွေ ''

ထိုမိန်းမသည် အာကျယ်မဖြစ်မည်။

သူ့ပါးစပ်မှ အယုတ္တ အနတ္တပေါင်းများစွာ ဆက်တိုက်ထွက် လာသည်။ သူ့အသံက နာမည်နှင့် လိုက်ဖက်စွာ အာခေါင်ခြစ်အော်သလို ပြကနဲ ထွက်လာသည်။ အညို အသံပိုင်ရှင်ကို ခေါင်းထောင်ပြီး ရှာရန် အားယူကာ မတ်တပ်ရပ်ပြီးကြည့်နေသည်။ အညို့ကို အော်ဟစ်နေသော မိန်းမသည် တိုက်ခန်းတစ်ခု၏ လှေခါးရင်းမှာ လှေကားရင်းမှာ ထိုင်ကာ အော်နေခြင်းဖြစ်သည်။ အလင်းရောင် ကောင်းစွာမရသဖြင့် အညို မျက်နှာ ကို မမြင်ရပေမယ့် အသံကိုတော့ဖြင့် ရင်းရင်းနှီးနှီး သိနေသလိုပင်။ အညို အားယူကာ လမ်းလျှောက်လိုက်ပြီး ထိုမိန်းမဆီကို သွားသည်။ အညိုကို လက်ခံပေးဖို့ တောင်းပန်ရမည်လေ။ သူ့ဘေးမှာ ထိုင်ချလိုက်သော အညို့ ကို သူ လှမ်းကြည့်လိုက်စဉ်မှာပင်၊ ထိုမိန်းမထံက အံ့သြကြီးစွာဖြင့်

'' ဟယ် မိညို ''

'' မမြင့်။ မမြင့်က ဘယ်လိုလုပ်ပြီး ''

'' အေး အညို။ ဟိုအကုသိုလ်ကောင် အထွန်းလေ။ ငါ့ပိုင်ဆိုင်မှု

မှန်သမျှကို ခိုးပြီး မယားငယ်ယူသွားလို့။ ငါလည်း ဘာလုပ်စားရမှန်း မသိတာနဲ့ ဒါလုပ်စားနေတာ။ နင်ကရော အညို ''

အညိုက ဖြစ်သမျှ အကြောင်းကို အတိုချုံးပြောပြလိုက်သည်။

'' အေးဟယ်...။ ငါစိတ်မကောင်းပါဘူး။ တကယ်တမ်း တွေး ကြည့်တော့... နင်အခုလို ဘဝရောက်ရတာ ငါ့ပယောဂတွေလည်း ပါတယ်။ ငါလေ အဲဒီ တုန်းက နင့်ကို နှစ်သိန်းပေးပေမယ့် ငါက သုံးသိန်း ရတာ ။ ငါလည်း လင်ငယ်ငယ်လေး ယူပြီး မွှန်နေတာကိုး။ နင့်အပေါ် လည်း မတရားလုပ်မိတာ နောင်တရမိတယ်။ နင်ဒီတော့ ငါနဲ့လာနေ။ နင့် အော်ဒါမှန်သမျှ နင်ယူ။ ငါ့ကို ခေါင်းကြေးတစ်ပြားမှ မပေးနဲ့။ ဒါပေ မယ့် ဟိုကောင်မတွေ မသိစေနဲ့။ ငါလည်း ကျန်းမာရေး ကောင်းတာ မဟုတ်ဘူး။ ငါ နားတဲ့တစ်နေ့ နင်ငါ့နေရာ ယူပြီး ဆက်လုပ် ''

အညို ဒဏ်ရာတွေ နာနေသည့်ကြားမှာပင် မပီမပြင်ပြုံးမိသည်။ သြော်... နောက်ဆုံးတော့ ပြည့်တန်ဆာပင်မဟုတ်၊ ပြည့်တန်ဆာ ခေါင်းပင် ဖြစ်ဦးမယ်ဆိုပဲ။ ကောင်းပါတယ်၊ ဖြစ်မယ့်ဖြစ်တော့လည်း ထိပ်ဆုံး ကနေ ဖြစ်ရတော့ပေ့ါ။အညို ကိုယ့်အတွေးနှင့်ကိုယ် အသံထွက်ပြီး ရယ်မိ သည်။ ရယ်ရင်းက လည်း ငိုမိပြန်သည်။ မကောင်းတာနှင့် အကျိုးပေး သည့် အညိုပါလား။ မမမြင့် အိမ်က လင်းစလင်းဒေါင်းဘက်မှာမို့ အညိုတို့ လမ်းလျှောက်ပြန် လာကြသည်။ နံနက် သုံးနာရီ၏ အေးမြသော အထိ အတွေ့နှင့် တိတ်ဆိတ်သော ပတ်ဝန်းကျင်ကြောင့် အညို့စိတ်တွေ ကြည် နူးသလို ခံစားလာရပြီး ပိုမို လန်းဆန်းသွားသည်။

'' နောက်နေ့တွေဆို မိုးအလင်း ထိုင်ကြရမှာ အညို။ ဒီနေ့တော့ သေချာနားလိုက်ပေ့ါ။ မမမြင့် ဈေးသွားပြီး ချက်ပြုတ်ပေးမယ် ''

မမမြင့်အသံက ဟိုအရင်ကလို နူးညံ့နေပြန်သည်။ ခုနက အော်ဟစ် သောင်းကျန်းခဲ့တာ သူ မဟုတ်သလိုပင်။ အညိုအိပ်ရာထတော့ နံနက် (၁၁)နာရီ

ဘေးမှဖြစ်သလို အိပ်နေကြသော ဘဝတူတချို့ ညက အော်ဒါ ပါသွားသဖြင့် ပင်ပင်ပန်းပန်း အိပ်ပျော်နေသည်မှာ ဒူးထောင် ပေါင်ကား နှင့် ဖြစ်ကတတ်ဆန်း၊ အညို အိမ်နောက်ဖက် ထွက်လိုက်တော့၊ မမမြင့် ကို ဆေးလိပ်ဖွာလျက်ထိုင်နေသည်ကို တွေ့ရသည်။

'' မမမြင့် ''

'' အော် အညို လာထိုင်လေ။ ငါ့ နင့်အကြောင်းကို စဉ်းစားနေတာ အညို။ နင့်ကို ဒီလို မလုပ်စေချင်ဘူး ''

'' မမမြင့်ရယ်...။ အညိုဘဝက ဒီလိုဖြစ်ဖို့ ကံပါလာတယ် ထင်တယ်။ ရိုးရိုးသားသား လုပ်ကိုင်စားလို့ မရဘူး။ အညိုလည်း ဘယ်ဖြစ်ချင် ပါ့မလဲ ''

'' အေးဟယ်... ငါစိတ်မကောင်းပါဘူး အညို။ ငါ့အပြစ်တွေပါဟယ် ''

'' မဟုတ်ပါဘူး။ မမမြင့်ကြောင့် အညို အမေ့ကို ပြုစုလိုက်နိုင်တယ်။ မမမြင့် ကျေးဇူးပါ ''

အညိုက မမမြင့် ပခုံးလေးကို ဖက်ပြီး ခပ်ဖွဖွလေး ညှစ်လိုက်သည်။ မမမြင့်က အညိုလက်တစ်ဖက်ကို ကိုင်ရင်း၊

'' အညို။ ဘာပဲဖြစ်ဖြစ် ကျန်းမာရေးတော့ ဂရုစိုက်နော်။ အကာအကွယ်တော့သုံး ညီမ။ ကြားလား ''

'' အညို သုံးချင်တာပေါ့ မမမြင့်ရယ်။ တချို့က မကြိုက်လို့ အညိုတို့က သူတို့အကြိုက်လိုက်ပြီး နေရတာကိုး ''

'' မသုံးလို့မရဘူးဆိုတာ နားလည်အောင် ပြောပြ။ ကာလသား ရောဂါဖြစ်နိုင်တယ် အညို။ တော်ကြာ မတော်တဆ တွေပါ ကူးလာရင် ငါတို့ဘဝတွေ မြန်မြန် အဆုံးသတ်လိမ့်မယ်။ ကွန်ဒုံးတွေ ဆောင်ထားကြ ကြားလား။ ဘယ်သူ့မှာ ဘာရှိတယ်ဆိုတာ သိနိုင်တာ မဟုတ်ဘူး ''

'' ဟုတ်ကဲ့ ''

အညို ခေါင်းညိတ်ရင်း မမမြင့် လက်ကို ဆုပ်ကိုင်လိုက်မိသည်။ ဟိုးအဝေးက မြစ်ထဲမှာ လှေတစ်စီး ကူးကာလာနေသည်ကို အညိုကြည့် ရင်း သက်ပြင်း ဖွဖွချမိတော့သည်။ လှေကတော့ ကမ်းကို လာနေတာ နေမှာ သူ့အတွက် ကပ်စရာ ကမ်းမြင်နေရသည်ကိုး။ အညိုတို့သာ...။

***********

မမမြင့် ပါးစပ်ဖျားမှာတော့၊ အညိုသည် ရောက်ကာစ အညို မနူးမနပ် အညိုပင်။ ကြေးကြီးကြီးရအောင် အညို့ကို ပွဲထုတ်သည်။ အညို သည် ဘဝသစ်တစ်ခုတွင် '' ညိုမီလှိုင် '' အဖြစ် ထင်ရှားလာပြန်သည်။ အညို စီးကရက် ဖွာတတ်လာသည်။ အရက်မူးတတ်လာသည်။ အညိုသည် ဘဝကို ရေစုန်မျောတော့မည့်ဟန်ပင်။ အညို့ခေါင်းထဲမှာ သိက္ခာတရားဆိုတာကို မတွေးချင်တော့၊ မတွေးတော့။ မိန်းမပျက်တစ်ယောက်အတွက် ဒါတွေကို စောင့်ထိန်းနေစရာမလို။ အညိုသည် ယောကျ်ားတိုင်းကို စူး စူးရဲရဲ ကြည့်တတ်လာသည်။ ပြီတီတီအချိုး ချိုးတတ်လာသည်။ တနည်း ပြောရရင် အညိုသည် ကြေးစား မိန်းမတစ်ယောက် ပီသလာသည်ပေါ့။

ညနေ လေးနာရီထိုးသည်နှင့် အညိုတို့ မိန်းကလေး (၁၀)ယောက် ခန့်သည် ညနေစောင်းနှင့်အပြိုင် လမ်းလျှောက် ဟန်ရေးပြနေကြသလို လူးလာခေါက်တုံ့ လမ်းသလားရင်း ဖောက်သည်မျှော်နေကြသည်။ ဘတ်စ်ကားပေါ်မှ ဆင်းသူ တက်သူ ရပ်နေသူ ပုရိသမှန်သမျှကို မျက်လုံး ချင်းဆုံ အောင်ကြည့်ပြီး အထာပြရသည်။ ဟိုတစ်ဖက်က ပြန်ပြီး တုံ့ပြန်လာ ရင်တော့၊ မသိမသာ တိုက်လှေခါးရင်းသွားရင်း ဈေးညှိရသည်။ အညို တို့အလုပ်သည် ထောင်နှုတ်ခမ်းကို နင်းကာလုပ်ရသည့်အလုပ်။ ရဲကို လိုင်း ကြေးပေးထားသော်လည်း ဟိုအဖွဲ့က ဒီအဖွဲ့ဆိုပြီး အဖမ်းအဆီးတွေက ဝင်တတ်သေးသဖြင့် ကျီးလန့်စာ

စားနေရသည့်ဘဝတွေပင်။ တစ်ခါကများဆို ရုတ်တရက် ဝင်ဖမ်းသဖြင့် ခွေးပြေးဝက်ပြေးပြေးရသည်မှာ လှျာပင် အတောင့်လိုက် ထွက်မတက်ပင်။ သို့သော် နောက်တစ်နေ့ညနေဆို အညို တို့ မျက်နှာကို ကိုးရာ တစ်ထောင်တန် မိတ်ကပ်လိမ်းပြီး အပြုံးမပျက် ပြန်ရောက်နေသည်သည်သာ။ ဘဝတူတွေထဲမှာပင် သည်အလုပ်ကို ပျော်မွေ့နေသူတွေ ရှိသလို ဆက်ပြီး အလုပ်မလုပ်ချင်လောက်အောင် စိတ်ပျက် စိတ်ကုန်နေသူ မိန်းကလေးတွေလဲ ဒုနဲ့ဒေးပင်။ ဒါပေမယ့် သည်အလုပ်က ငွေရလွယ်သည်။ သည်အလုပ်က လေးစားစရာ မလို၊ အလေးထားစရာ မလို။

အညို သည်အလုပ်ကို လုပ်နေရသော်လည်း စိတ်ပျက်လာသည်။ နေ့တဓူဝ ယောကျ်ားတကာနှင့် ပတ်သက်ဆက်နွယ်နေရသောကြောင့် တစ်ခါ တစ်ခါ ထွက်ပြေးချင်လောက်အောင်ပင်။ တချို့ မူးနေသောဧည့်သည်များ၊ တချို့ မိုက်ရိုင်းသော ဧည့်သည်များ၊ တချို့ဆို ခေါ်တုန်းက တစ်ယောက်တည်း နောက်မှ ပါတနာများပါလာသော ဧည့်သည်များ၊ တချို့က ရိုက်ချင်နှက်ချင်သည့် ဧည့်သည်များ။ အညို သည်ဘဝကို ရွံ့မုန်း လာသည်။ ဒါပေမယ့်လည်း ဝက်ဖြစ်မှတော့ မစင်ကြောက်နေ၍ မရသည့်အတွက် အချိန်တန်သည်နှင့် ဈေးဗန်းခင်းပြရပြန်တော့သည်။

***********

နာမည်ကျော် ဟိုတယ်တစ်ခုအထဲသို့ ဝင်ဝင်ချင်း ဖြန်းကနဲ အေး မြသည့် အတွေ့ကြောင့် အညို လန့်သွားသည်။ အထဲမှာ သပ်ရပ်သား နားသော အသွင်အပြင်နှင့် လူယောကျ်ား၊ မိန်းမတို့က နေရာဒေသနှင့် လိုက်လျောစွာ။ အညို မိမိကိုယ်မိမိ ငုံ့ကြည့်ရင်း အနည်းငယ်ရှက်သွား သည်။

" ညီမတို့နှစ်ယောက် ဒီမှာ ခဏနေခဲ့ဦးနော်။ အစ်ကိုဧည့်သည်နဲ့ ကွန်ဖန်းလုပ်လိုက်ဦးမယ်။ ထိုင်စောင့်လိုက် ခဏပဲ။ အစ်ကို ပြန်လာမယ်"

သူ ပြောတာကို အညိုတို့ နားမလည်။ ဒါပေမယ့် အညို ဟန်ကိုယ့် ဖို့

ခေါင်းညိတ်လိုက်ပြီး ထိုင်ခုံဆိုဖာတွေမှာ သွားထိုင်လိုက်သည်။ အညိုတို့ သည်နေရာကို နိုင်ငံခြားသား နှစ်ယောက်ကို ဧည့်ခံဖို့ ဈေးကောင်းရပြီး လိုက်လာခြင်းဖြစ်သည်။ အညိုနှင့်အတူ အသစ်ရောက်လာသော အေမီ ဆိုသော ကောင်မလေးပါ လိုက်လာခြင်းဖြစ်သည်။ ဧည့်လမ်းညွှန်အစ်ကို က ဖုန်းဆက်နေရာမှ

'' ညီမတို့ ခဏစောင့်နော်။ သူတို့ ပြန်လာနေပြီ။ အစ်ကို ဟိုဘက် ကို ခဏသွားချင်လို့ ''

'' ရပါတယ် အစ်ကို ''

'' အညို ငါအပြင် ခဏသွားလိုက်ဦးမယ် ''

'' ဟဲ့ ငါလည်း လိုက်မှာပေ့ါ။ လူတွေ ကြည့်နေတာ ရှက်တယ်ဟဲ့''

'' ဟာ ခဏလေးပါ။ အရေးကြီးလို့ နင်နေခဲ့လိုက် ''

အေမီက ပြောပြောဆိုတို ပြေးထွက်သွားသဖြင့် အညိုတစ်ယောက်တည်း အူကြောင်ကြောင်နှင့် ဟိုတယ်ဧည့်ခန်းထဲမှာ ကျန်ခဲ့သည်။ ကိုယ် နှင့် အကျွမ်းတဝင်မရှိသည့်နေရာကြောင့် ဇောချွေးပြန်လာသည်။ အေမီ ကလည်း တော်တော်နှင့် ပေါ်မလာ။ ခေါ်လာပေးသည့် လူကလည်း စကားသွားပြောနေတာ မပြီးစီးနိုင်တော့။ အညို စိတ်ညစ်လာသည်။ ထို့ ကြောင့် ထိုင်နေရာမှ အသာအယာထကာ အေမီ ထွက်သွားသော အပေါက် မှ အပြင်သို့ ထွက်လာခဲ့သည်။ ကားလမ်းမဘက်မှာတော့ ကလေးချီထား သော ယောကျ်ားတစ်ယောက်နှင့် စကားပြောနေသော အေမီ။ အေမီက ယောကျ်ားတစ်ယောက်လက်ထဲက ကလေးကို ပြောင်းချီလိုက်ပြီး ပလက်ဖောင်းပေါ်သို့ ထိုင်ချလိုက်သည်။ အေမီကို မြင်၍ ခပ်သွက်သွက် လှမ်းသွားသော အညိုသည် ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် လှမ်းလက်စ ခြေလှမ်းတွေ တန့်ကနဲဖြစ်အသွားမှာပင် အေမီကလည်း ခြေသံကြောင့်

လှည့်အကြည့်တွင်...

'' ဟင်... အညို ''

အညို့မျက်လုံးအစုံး ပြူးကျယ်သွားသည်။ အေမီသည် ရင်ခွင်ထဲမှာ ကလေးလေးက အေမီ့နို့ကို အငမ်းမရ စို့နေခြင်းပင်။

'' အညို။ ဒါ ငါ့ယောကျ်ားနဲ့ ငါ့ကလေးပါဟယ်။ စောစောက ဖုန်းဆက်တော့ ကလေးက နို့ဆာလို့ တအားငိုနေတာ။ ငါလေ ငါ့သားလေး ငိုသံကို ကြားတော့ မနေနိုင်လို့ပါဟယ်... ''

အေမီက ပလက်ဖောင်းပေါ် ထိုင်ကာ နို့တိုက်နေရင်း ငိုပါတော့သည်။ သူကိုကြည့်ပြီး အညိုပါ ရော၍ ငိုမိသည်။ အညိုသည် သည်းသည်း ထန်ထန် ငိုနေရင်းမှ အံတစ်ချက် ကြိတ်လိုက်ပြီး ဖိနပ်ကို ချွတ်ကာ ကောက်ကိုင်လိုက်ပြီး အေမီ့ယောကျ်ားပါးကို လှမ်းရိုက်ပစ်လိုက်မိသည်။ အညို့ ပါးစပ်ကလည်း

'' အသုံးမကျတဲ့အကောင်။ မိန်းမက ဒီလိုလုပ်ကိုင်ကျွေးနေတာ နင်မို့ စားရက်တယ် ဟုတ်လား။ တိရစ္ဆာန်လိုကောင် ''

အညို ပါးစပ်မှ ယုတ်ရင်း ကြမ်းတမ်းသော စကားတွေပြောရင်း လက်မှ အဆက်မပြတ် ရိုက်လိုက်သည်။ ထိုလူကလည်း တုပ်တုပ်မလှုပ်၊ ငြိမ်နေရင်း မျက်ရည်များစွာကျသည်။ လမ်းပေါ်မှာ အညို့ ဆဲသံ၊ အေမီ ၏ တောင်းပန်သံတို့ဖြင့် ဆူညံနေသဖြင့် လမ်းဖြတ်သွားသော ကားပေါ်မှ လူများ၏ လှည့်ကြည့်ခြင်းကို ခံရသည်။

'' အညို။ အညို တော်ပါတော့။ မလုပ်ပါနဲ့တော့... သူ သေလိမ့် မယ်။ သူမှာ ကျောက်ကပ်တစ်လုံး မရှိတော့ဘူး။ အညို မလုပ်ပါနဲ့တော့ ငါ တောင်းပန်ပါတယ်ဟယ်... ''

အညို လက်တို့ တုံ့ကနဲ ရပ်သွားသည်။ အညို ပါးစပ်အဟောင်း သားဖြင့်

ရပ်နေမိသည်။ အေမီက သူ့ကလေးကို သူ့ယောက်ျားလက်ထဲ ထည့်ပေးရင်း

'' သူက ငါနဲ့ယူကတည်းက ငါ့ကို ကုန်ထမ်းကျွေးလာတာပါ အညိုရယ်...။ မနှစ်က ထမ်းပိုးတဲ့ အရှိန်နဲ့ သူကျောတွေအောင့်နေရာက တစ်ကိုယ်လုံး ဖောယောင်နေလို့...။ ဆေးရုံပြကြည့်တော့မှ ကျောက်ကပ် တစ်လုံးက လုံးဝ မကောင်းတော့လို့ ထုတ်လိုက်ရတယ်။ အဲဒါကြောင့် သူ အလုပ်မလုပ်နိုင်လို့ ကျပ်တည်းလာလို့...။ ငါ... ငါ... ငါလေ ဒီအလုပ် ကို တကယ်မလုပ်ချင်ပါဘူး အညိုရယ်။ ငါ့သားလေးကို ရောဂါကူးမှာ ကြောက်တယ်။ ငါ အိမ်ပြန်လာတိုင်း ငါ့ယောက်ျားကို ငါ ရှက်တယ်။ ငါ့ကိုငါ မသတီဘူး။ ဒါပေမယ့် ငါ့မှာ ရွေးချယ်စရာလမ်း မရှိဘူးအညို''

အညိုရင်ထဲ ဖားဖိုကဲ့သို့ နိမ့်ချည်မြင့်ချည် မောပန်းနေရာမှ အေမီကို စိတ်မကောင်းခြင်းကြီးစွာ ကြည့်မိပြီး စိတ်ထဲမကောင်း။ အို... အညို ထက် ဆိုးဝါးတဲ့ဘဝတွေ ရှိနေသေးတာပါလား...။

'' နင် ဒီအလုပ်ကို မလုပ်ချင်တာ သေချာလား အေမီ ''

အေမီက အညိုကို ကြည့်ရင်း ခေါင်းညိတ်ပြသည်။

'' အေး... အဲဒါဆို ငါတို့ ပြန်ကြမယ်လာ... ''

'' ပြန်လို့ မဖြစ်ဘူးအညို။ အာကျယ်မကို ငါ ကြောက်တယ်။ ငါတို့ ပါးရိုက်ခံရလိမ့်မယ် ''

'' ကြောက်စရာ မလိုဘူး အေမီ။ နင် ဒီလိုစိတ်မျိုးရှိတာ ငါဝမ်းသာတယ်။ နင့်ကို ပိုက်ဆံထုတ်ပေးမယ်။ နင် ဈေးရောင်းဟာ...။ ငါ့မှာ ပိုက်ဆံတွေရှိတယ်။ ပြီးတော့ နင့်သားလေးရဲ့ ရှေ့ရေးအတွက် နင်က ကောင်းတဲ့ အမေဖြစ်နေဖို့လိုအပ်တယ်။ ဒီက အစ်ကိုကိုလည်း အညို တောင်းပန်ပါတယ်။ အညို ရုတ်တရက် ဒေါသထွက်သွားမိလို့ပါ ''

'' ရပါတယ်ဗျာ...။ ကျွန်တော့်အဖြစ်ကို မသိတဲ့သူ ဘယ်သူမဆို ဒေါသဖြစ်စရာပါပဲ။ စိတ်မဆိုးပါဘူး ''

အညိုတို့ သုံးယောက် ပြိုင်တူပြုံးလိုက်ကြသည်။

'' အေမီ။ နင် ကုန်စိမ်းရောင်းပဲ့လား။ ငါလည်း ဝိုင်းရောင်းပေးမယ်ဟယ်။ ဘဝပေး အခြေအနေကြောင့်ပါ ''

အညိုတို့ အိမ်ပြန်ရောက်တော့ မမမြင့်ကို ဖြစ်သမျှ ပြဿနာကို ပြောပြသည်။ မမမြင့် မျက်နှာသည် ဝေခွဲရခက်စွာ ငြိမ်နေရသည်။

'' ဘာအလုပ် လုပ်မယ်စိတ်ကူးလဲ အေမီ ''

'' ကျွန်မ ဈေးရောင်းမယ် ဒေါ်အာကျယ် ''

'' နင် ဒီဘဝထဲ ပြန်မလာတော့မှ သေချာလား စဉ်းစားနော် ''

'' ကျွန်မ ဘယ်တော့မှ ပြန်မလာချင်တာ သေချာပါတယ် ''

မမမြင့် ခပ်ယဲ့ယဲ့ပြုံးသည်။ ပြီးနောက် ရင်ဘတ်ထဲက ပိုက်ဆံ တစ်လိပ်ကို ဆွဲထုတ်ယူလိုက်ပြီး

'' ရော့ နှစ်သောင်း ဈေးရင်းဖို့။ နင် အခုအလုပ်ကို ပြန်လုပ်ရင်၊ နင့်ကို ငါကိုယ်တိုင် ဓားနဲ့ထိုးသတ်မယ် အေမီ ''

အညို့မျက်နှာ ဖျတ်ကနဲ တစ်ချက်ပြုံးလိုက်သည်။

အေမီ့ဘဝတော့ ငြိမ်ချမ်းစွာ ဖြတ်သန်းသွားနိုင်ပြီ။

သူ့ယောက်ျားက ဈေးမှာ ကုန်ထမ်းခဲ့ဖူးသူမို့ လုပ်ဖော် ကိုင်ဖက် ဟောင်းများကလည်း ကူညီပေးကြသည်မို့ အဆင်ပြေပြေပင်။ အညိုသည် လည်း ဈေးသည်ဘဝက လာသူမို့ အားလပ် ချိန်တိုင်း၊ ဈေးသွားရောင်း ပေးမိသည်။ ခဏတာရသည့် ဘဝလေးကိုပင် အညို အရမ်းမက်မောမိသည် မဟုတ်ပါလား...။

ထိုသို့ ဈေးသွားရောင်းရင်းမှ အညို သူ့ကို စတွေ့မိလေသည်။ သူက ဈေးမှာ ဆိုက်ကားနင်းသည့် ကိုမြတ်ကျော်။ အေမီ ဈေးကုန်တွေ သယ်ပေးရာမှ သူ အညို့ကို တစ်ချိန် လုံး လိုက်ကြည့် နေသည်ကို အေမီပြောပြ၍ အညို သတိထားမိခြင်းပင်။ အချစ်ဆိုတာကို အညို ဘာမှန်းမသိပေမယ့် သူ စိုက်ကြည့်လိုက်ရင်၊ အညို ရင်တော့ ခုန်သားပင်။ ဒါပေမယ့် အညို သူ့မျက်နှာကို ရဲရဲတင်းတင်း မကြည့်ရဲ။ အညို့နှလုံးသားသည် ထူးခြားဆန်းကြယ်စွာ ပူနွေး လှုပ်ရှားနေတော့သည်။ အို... ဒါအချစ်လားကွယ်။

'' သူကတော့ နင့်ကို တကယ်ကြိုက်နေတာ အညိုရေ။ တစ်ချိန် လုံး မေးနေတော့တာပဲ ''

အညို ရှက်ရွံ့စွာ ပြုံးမိသည်။ အညိုလည်း သူ့ကို ချစ်သည်ပဲ လေ... ။

'' အေမီ တကယ်တော့ သူနဲ့ ငါ့ဘဝက မတန်ပါဘူးဟယ်။ သူက လူဖြောင့်လူအေး။ ငါက မိန်းမပေါ့ မိန်းမပျက်။ သူ့ကို ငါဘယ်သူ့ကို မှ မဖြစ်ဘူးတဲ့ပုံစံနဲ့ ချစ်တာ... ။ ဒါပေမယ့် ဒါက ငါ့အတွက်မလွယ်ဘူး။ သူ့အတွက်ဆိုရင်လည်း နစ်နာလွန်းတယ်။ သူ့ဘက်ကိုလည်း ကြည့်မှလေ။ အဲဒီ တော့ ဒီတစ်ခါ သူလာမေးရင်၊ ငါ့ဘဝအမှန်ကို ပြောပြလိုက်ပါ အေမီရယ်... ''

'' ဟင့်အင်း။ မပြောနဲ့အညို။ နင် ခံစားရလိမ့်မယ်။ နင့်အတွက် ကောင်းတဲ့လူတစ်ယောက်ကို နင် လက်လွှတ်မခံနဲ့။ ငါတို့ဘဝကို နားလည်မယ့်သူဆိုတာ မရှိဘူး အညို ''

'' နင့်ယောကျ်ားရှိတယ်လေဟဲ့။ ဟား... ဟား... ဟား... ''

'' အညို အညို နင်သိပ်ရိုးတယ်။ အညို လူတွေအကြောင်းကို လူတွေနဲ့ ဒီလောက်ဆက်ဆံနေပြီး နင်မသိတာ အံ့သြပါရဲ့။ ငါ့ယောကျ်ားလည်း ယောကျ်ားလေဟယ်... ။ သူလည်း ဒီလိုကိစ္စမျိုး ဘယ်ကြိုက်ပါ့မလဲ။ အခုဟာက သူ့မတတ်နိုင်တဲ့ ကိစ္စမို့လို့ သူ့ကျန်းမာရေးကိစ္စမို့လို့ပါ အညို။ နင်ဘာမှ

မပြောဘဲနေလိုက်။ တကယ်လို့ နင့်ကို ကြိုက်လို့ယူမယ်ဆို။ ဒီဘဝထဲက နင်အသာလေးထွက်လာခဲ့ ''

'' ဟင်အင်း။ ငါ အဲဒီ လို မလုပ်နိုင်ဘူး။ ငါ့ကို ချစ်ခွင့်ပန်လာခဲ့ ရင်၊ ငါ ပြောပြရမယ်။ အေမီ သူ ဆုံးဖြတ်လိမ့်မယ်။ ယူပြီးနောက်မှ သိခဲ့ရင်၊ သူ့အပေါ်မှာ ငါက မတရားဘူး။ အမယ်လေး အေမီ။ ငါတို့ တော်တော် အဆင့်ကျော်ပြီးပြောနေကြတာပဲ ဟား… ဟား… ''

'' ဟုတ်ပ့ါဟယ်…။ ဒါပေမယ့်အညို။ ဒီကိစ္စက မကြာခင်ဖြစ်လာလိမ့်မယ်လို့ ငါပြောရဲတယ်သိလား… ''

'' အေးပါဟယ်…။ အေးပါ ကဲ ငါပြန်တော့မယ်။ ညနေအတွက် ပြင်ဆင်ရဦးမယ်။ အော် ဒါလေး ယူထားလိုက်ဦး ''

အညိုက ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံတချို့ကို ထုတ်ပေးသည်။

'' ဟင့်အင်း။ ငါ မယူဘူးအညို။ ငါ ပိုက်ဆံ မလိုအပ်သေးဘူး။ ငါ ဒီရက်ထဲ စုမိပါတယ်။ မဲကြေးလည်း ရတယ်လေ… ''

'' အဲဒါ နင့်အတွက် မဟုတ်ဘူး။ သားသားအတွက် သားသားနို့မှုန့်ဖိုး အေမီ။

'' အညိုရယ်။ နင်မှာလည်း စိတ်ဖိစီးလိုက်တာဟယ်…။ ငါ့သားကို ငါ့နို့တိုက်လို့ရပါတယ် ''

'' ဟင့်အင်း နင် နို့မတိုက်နဲ့အေမီ။ နင့်မှာ ရောဂါတစ်ခုခုရှိရင် သားသားကို ကူးခံရမှာကို ငါ စိုးရိမ်မိတယ် ''

'' နို့တိုက်ရင် ကူးတတ်တယ်လားဟယ်…။ ပြီးတော့ ငါ့မှာ ဘာရောဂါမှ မရှိလောက်ပါဘူး ''

'' ငါလည်း တွေးနေတာ။ ငါတို့ ဆေးသွားစစ်ကြည့်ကြမယ်ဟယ်။ နို့မို့ဆို

ကလေးလည်း မအေနဲ့မစို့ရတော့ ကျန်းမာရေး မကောင်းနိုင်ဘူး''

'' ရှက်တော့ ရှက်စရာကြီး။ နင်စစ်လေ။ နင်က ကလေးအမေပဲ ဟာ... ငါ အဖော်လိုက်ခဲ့ပေးမယ်။ ကဲ ငါသွားပြီ ''

မိုးချုပ်စပြုပြီ။

အညို ပလက်ဖောင်းပေါ် ထိုင်ရင်း စီကရက်တစ်လိပ် ရှိုက်ဖွား ရင်း၊ ဧည့်သည် မျှော်နေမိသည်။ အညို့မျက်လုံးတို့က ယောကျ်ားတိုင်းကို ညို့ငင်လျှက်။ အညိုအနားသို့ ကောင်လေးနှစ်ယောက် မရဲတရဲနှင့်ကပ် လာသည်။ အညို စိတ်ပျက်သွားသည်။ နှစ်ဆယ်ကျော် လူငယ်လေးတွေ ဖြစ်နေသဖြင့် အညို အလုပ် မလုပ်ချင်။ ဖြစ်နိုင်လျှင် လူငယ်လေးတွေကို အညို အနေနဲ့ လမ်းမှား မရောက်စေချင်။ ဒါပေမယ့် အညိုက ပိုက်ဆံရှာ သည့်လူ။ ပြီးတော့ စျေးဦးစျေးဖျား။

'' ခေါ်ချင်လို့လား... ''

'' ဟုတ်ကဲ့ ''

'' မင်းတို့က ဘယ်နှစ်ယောက်လဲ ''

'' ကျွန်တော်တို့က နှစ်ယောက်ပါ အစ်မ ''

'' ခဏဆို (၁၅၀၀၀)။ တစ်ညလုံးဆိုရင်တော့ (၃၀၀၀၀)။ ဘယ်လို လဲ ''

'' ခဏလေးပဲ။ အခုလိုက်ခဲ့မလား။ ကျွန်တော့်တို့ကားကို ဟိုနား မှာ ရပ်ထားတယ် ''

'' ပိုက်ဆံ တစ်ခါတည်းရှင်းရမယ် ''

ကောင်လေးက ပိုက်ဆံ (၁၅၀၀၀) ထုတ်ပေးသည်။ အညို လှမ်း ယူပြီး ပိုက်ဆံကို မမြင့် လက်ထဲထည့်လိုက်မည်အပြုတွင်...

'' အညို ''

'' ဟင်… အစ်ကိုကျော် ''

အညို မျက်လုံးအစုံ ပြူးကျယ်သွားသလို ရှက်စိတ်တို့က တစ်ကိုယ်လုံးသို့ ဖုံးလွှမ်းသွားသည်။

'' အညို လာခဲ့စမ်း ''

မြတ်ကျော် ဒေါသတို့ဖြင့် အညို့လက်ကို ဆောင့်ဆွဲလိုက်သည်။ ကောင်လေးနှစ်ယောက်အနက် တစ်ယောက်က

'' အစ်ကို ဒါ ကျွန်တော်တို့ ခေါ်ထားတာ… ''

'' ဟေ့ကောင်။ ဒါငါ့မိန်းမ မင်းတို့ မယားခိုးမှုနဲ့ ထောင်ကျချင်လား။ မင်းတို့ အဆင်ပြေရာ ခေါ်လိုက်။ ကြားလား…။ လာ အညို ''

ကိုမြတ်ကျော်၏ မျက်နှာမှာ ဒေါသကြောင့် နီရဲတင်းမာနေသော ကြောင့် အညို့မှာ သူ ဆွဲခေါ်ရာနောက်လိုက်ရင်း…

'' ကျွန်မလက်တွေ နာနေပြီ အစ်ကိုကျော် ''

'' အညို ''

မြတ်ကျော် အညို့လက်ကို ဆွဲထားရမှ လွှတ်လိုက်ပြီး

'' အညိုကို ကျွန်တော် စိတ်မဆိုးပါဘူးအညို။ အေမီက အညို့ဘဝ ကို သိချင်ရင်၊ ဒီကို လာကြည့်လိုက်လို့ ပြောလိုက်လို့ ကျွန်တော်လိုက် လာခဲ့တာပါ ''

'' အင်း… အစ်ကိုကျော် အခုမြင်ပြီပဲလေ။ အညိုက မိန်းမပျက် အစ်ကို။ အညို့ဘဝက စွန်းထင်းနေပြီးသား… ''

အညို ခြောက်ကပ်စွာ ရယ်ရင်း ပြောမိသည်။ အညို့အသံက အက်ကွဲနေမည်မှာ အသေအချာပင်။

'' ဟင့်အင်း…။ အညို ကျွန်တော် မသိခင်နောက်ပိုင်းက ကိစ္စတွေ ပါ။

ကျွန်တော် စိတ်မဝင်စားဘူး အညို။ ကျွန်တော့်ကို လက်ထပ်ပြီးတဲ့ နောက်ပိုင်း ဒီအလုပ်ကို မလုပ်ရင်ပြီးရော… ''

'' အစ်ကိုကျော် ရူးနေတာလား။ ရူးသွားတာလား… ။ အညို့လို မိန်းမပျက်တစ်ယောက်ကို… ''

'' မပြောနဲ့အညို။ အညိုက ဘဝပျက်ရင် ပျက်မယ်။ အညို မိန်းမပျက် မဟုတ်ဘူး။ မိန်းမပျက်လည်း မဖြစ်ရဘူး။ အညို့ကို ကျွန်တော် ချစ်တယ်။ အညို ကျွန်တော့်ကို လက်ထပ်ပါ ''

'' ဟင့်အင်း။ အညို ရှင့်ကို မချစ်ဘူး။ အညို ဘယ်သူကိုမှ မချစ် ဘူး''

'' အညို စဉ်းစားပါအညို။ ကျွန်တော် အညို့ကို လက်ထပ်မယ်။ အညို ဒီအလုပ်တွေ ဘယ်တော့မှ မလုပ်ပါနဲ့။ ကျွန်တော့်မှာ စုဆောင်း ထားတာလည်း ရှိတယ်။ ကျွန်တော်က မိဘမရှိတဲ့ တစ်ကောင်ကြွက်ပါ အညို။ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် အညို့ဘဝ အေးချမ်းစေဖို့ ကျွန်တော် တာဝန်ယူပါတယ်။ ကျွန်တော် တစ်ဘဝလုံး ပေးမယ့်ကတိပါအညို ''

အညို့ရင်သည် သူ စကားကြောင့် လှုပ်ရှားခုန်ပေါက်လာသည်။ ဖြစ်သင့်သည်ထက် အညို လူပီသစွာ တစ်ခါတော့ ချစ်ဖူးချင်သည်။ လူ တစ်ယောက်၏ ရင်ခွင်ထဲ တိုးဝင်ပြီး ဘဝကို လုံခြုံချင်မိသည်။ ဒါပေမယ့် အညိုက အညို။ အချစ်က အချစ်။ ဘဝက ဘဝမဟုတ်လား။

'' အညို စဉ်းစားပါရစေအစ်ကို ''

အညို့အသံသည် ဟိုချောက်ကမ်းပါးက ပြုတ်ကျလာသည့်လူ ကဲ့သို့ပင် ချောက်ချားစွာ ထွက်လာသည်။ အညို ဘာလုပ်သင့်သလဲ။

'' ညည်းစဉ်းစားအညို။ ဒီလို ဘဝတစ်လျှောက်လုံးတော့ ညည်း တစ်ယောက်တည်း နေလို့မရဘူး။ ဒီအလုပ်ကလည်း အရွယ်နဲ့ဆိုင်တယ် ဆိုတာ

ညည်းအသိဆုံး။ ဖာခေါင်းမတစ်ယောက်ထက် ဆိုက်ကားသမား ကတော်ဖြစ်ရတာ ပိုပြီး ဂုဏ်ရှိတယ်ကောင်မ ''

မမမြင့်က တိုဝင်သွားသော စီးကရက်ကို ပလက်ဖောင်းမှာ ဆောင့်ထိုးပြီး မီးသတ်ရင်း၊

'' ငါ့ကိုကြည့်အညို။ ငါ့အရွယ်က ကျသွားပြီ။ ငါ့ဘဝက ညည်း တို့မရှိရင် ငတ်ပြီး သေနိုင်တဲ့ဘဝ။ ဒါပေမယ့် နင်တို့ကို ဒီဘဝထဲကို ငါ့ ထမင်း တစ်လုပ်ကြောင့် ဆွဲမနှစ်ထားချင်ဘူး ''

'' ဟင့်အင်း။ အညို သူ့ကို လက်မထပ်ချင်ဘူး။ မယူဘူး မမမြင့်။ တစ်ချိန်ကျရင် ဒါကြီးက အညိုတို့ အိမ်ထောင်ရေးအတွက် အမဲစက်ကြီး ဖြစ်လာမှာ အဖုအထစ်ကြီးဖြစ်လာမှာ အညို ကြောက်တယ်။ ပြီးတော့ အညို့မှာ ရောဂါတွေ ဘာတွေရှိရင် ဘယ်လိုလုပ်မလဲ ''

'' မရှိရင်ရော အညို ''

အေမီ အမေးစကားကို အညို ဘာပြန်ပြောရမည်မသိ။ အညို့မှာ အဖြေဆိုတာလည်း မရှိ။ အညို့နှလုံးသားက ခေါင်းညိတ်ချင်နေသော် လည်း အညို့ဦးနှောက်က အညို့ကို ကန့်ကွက်နေသည်။

'' အညို ''

မမမြင့် တိုးတိတ်စွာ ခေါ်သည်။

'' နင် သူ့ကို ကြိုက်နေတာ ငါတို့ သိနေတယ်။ မြတ်ကျော်လည်း သိမှာပဲ။ နင်သာ သူ့ကို မကြိုက်ဘူးဆိုရင်၊ သူ့အတွက် နင် စဉ်းစားမှာ မဟုတ်ဘူး။ အဲဒီ တော့ ငါပြောတာကို နင်နားထောင်။ နင်တို့က ငါတို့က ကြေးစား မိန်းမတွေ။ ငါတို့ နင်တို့မှာ ဒီထက် နောက်ဆုတ်စရာ နေရာလည်း မရှိတော့ဘူး။ အဲဒီ တော့ ငါပြောချင်တာက နင် သူ့ကို ယူပြီးရင်၊ ဘဝကို အေးအေးချမ်းချမ်း

နေကြည့်စမ်းပါအညိုရယ်။ တစ်ခါတစ်ခါတော့ ငါတို့လည်း ငါတို့အတွက်ကို ရှေ့တန်းတင်ကြည့်ကြတာပေါ့ ''

'' အညို အဲဒီ လိုဆိုရင်၊ နင် ငါနဲ့လိုက်ပြီး ဆေးစစ်လိုက်…။ နင့်မှာ ဘာရောဂါမှ မရှိဘူးဆိုရင်၊ သူ့ကို ယူလိုက်ဟယ်…။ နောက်တစ် ပတ် ငါသွားမယ် နင်လိုက်ခဲ့။ ငါနဲ့ နင် ဆေးခန်းကို သွေးသွားစစ်ကြ မယ် ဟုတ်ပြီလား။ ငါလည်း ဆေးစစ်မယ်။ ငါ့မှာ ဘာရောဂါမှ မရှိဘူး ဆိုမှ ငါ့သားလေးကို ပိုင်ပိုင်နိုင်နိုင် ချစ်ရမယ်အညို။ ငါ့လင်ဆို ငါ့ကို ဒီ အလုပ်လုပ်ကတည်းက မတို့ဘူး။ မထိဘူး။ အခုထိ ငါ့မှာ ဘာပြဿနာမှ မရှိမှ ငါတို့မိသားစု ဘဝလည်း သာယာမယ်။ ငါလည်း စိတ်တွေ မမော ချင်တော့ဘူး အညိုရယ်… ''

အညို သက်ပြင်းတစ်ခုချမိတော့သည်။ စိတ်တို့သည် ယောက်ယက်ခပ်စွာ ဒွိဟဖြစ်ဆဲပင်။

***********

သဇင်ဆေးခန်းကို ရောက်လာသည်နှင့် အညိုတို့ လက်ဖျားတို့ အေးစက်လာသည်။ အေမီက အညို့လက်ကို တစ်ချက် ဖျစ်ညစ်ရင်း

'' ကြောက်နေလားဟင် အညို။ အဟင်း ''

'' ငါ ရင်တွေ တုန်တယ်ဟယ်… ''

'' မကြောက်ပါနဲ့ဟယ်။ ဆရာမတွေက သေချာရှင်းပြလိမ့်မယ်''

'' အေးပါ ''

'' သမီးတို့ ဒီအခန်းကို လာလိုက် ''

သူနာပြုဆရာမ တစ်ယောက်က လာခေါ်သဖြင့် အညိုနှင့်အေမီ တို့နှစ်ယောက်သည် အတွင်းဘက်အခန်းကို ပြိုင်တူ ဝင်လာလိုက်ကြသည်။ ဆရာမက ချိုသာစွာ ပြုံးရင်း၊

'' ပထမဆုံး ဆရာမက ပြောချင်တာကတော့…။ သမီးတို့ရဲ့ အလုပ်အကိုင်နဲ့ ကိုယ်ရေးကိုယ်တာမှန်သမျှကို ဆရာမတို့ ဘယ်သူ့မှ မသိစေဖို့ အာမခံတယ်။ သမီးတို့မှာ တကယ်လို့များ ရောဂါမရှိခဲ့ရင်လည်း နောက်သုံးပတ်ဒါမှမဟုတ် နောက်သုံးလမှာ နောက်ထပ်သွေးတစ်ကြိမ် ထပ်စစ်ပေးပါ။ ဘာလို့လဲဆိုတော့ HIV antibody test ကို စစ်ရင် လွန်ခဲ့ တဲ့ သုံးလလောက်က အခြေအနေကိုပဲ ပြတဲ့အတွက်ကြောင့်ပါ။ ပြီးတော့ ဆရာမ ပြောချင်တာက တကယ်လို့များ၊ ဒီရောဂါပိုးရှိခဲ့ရင်လဲ ထိတ်လန့် စရာ မလိုဘူးနော်။ ရောဂါပိုးရှိရုံနဲ့ ရောဂါ တန်းပြီးမဖြစ်ပါဘူး။ ဆရာမတို့ က သမီးတို့ကို ဆေးနဲ့ လိုအပ်တာတွေကို လုပ်ပေးမှာပါ။ ဒီရောဂါရှိလို့ လူတောမတိုးတာတို့ သိမ်ငယ်စရာတို့ ဖြစ်စရာ မလိုသလို လူတကာကို လည်း ပြောပြနေစရာလဲ မလိုအပ်ဘူး ''

'' ဒါပေမယ့် ရောဂါကူးစက်နိုင်မယ့် အခြေအနေတွေကိုတော့ ရှောင်ရမယ်။ ရောဂါ ကူးစက်တယ်ဆိုတာ တခြားသူတစ်ယောက်ရဲ့ ပွန်း ပဲ့ဒဏ်ရာကို ရောဂါရှိတဲ့သူရဲ့သွေးထိတာမျိုး၊ ထိုးသွင်းမိတာမျိုး၊ ဥပမာ သွေးလှူဒါန်းတာမျိုးပေါ့။ အဲဒါတွေ လုပ်လို့ မရဘူး။ ဒါပေမယ့် ရောဂါ ပိုးရှိတဲ့ လူနဲ့အတူနေ အတူစားရုံနဲ့ ရောဂါမကူးစက်နိုင်ဘူး။ ခြင်ကိုက်၊ ဂျပိုး(ကြမ်းပိုး)ကိုက်ရာကလည်း မကူးစက်နိုင်ဘူး ''

'' အဓိက အရေးကြီးတာက အကာအကွယ်မဲ့ လိင်ဆက်ဆံလို့ မရဘူး။ ကဲ ဆရာမက သမီးတို့နှစ်ယောက်ကို အဖြစ်ပြောပြတာပါ။ သွေးစစ်ဖို့အတွက် ဆရာမက သွေးနမူကို သမီးတို့ဆီက နည်းနည်းထုတ်ယူမယ်။ အဖြေရဖို့ သမီးတို့ (၁၀)မိနစ်၊ မိနစ်(၂၀)လောက်စောင့်ရမယ်။ ဘာပဲဖြစ်ဖြစ် ဆေးစစ်တာကို ဆရာမတို့က အားပေးတယ် ''

အညိုနှင့်အေမီတို့ နှစ်ယောက်စလုံး မျက်နှာပျက်နေသည့်အပြင် လက်တွေ ခြေတွေပါ အေးစက်နေကြသည်။ သွေးနမူနာပေးပြီး စောင့်ရသော မိနစ်နှစ်ဆယ်ဆိုသော အချိန်သည် တစ်ကမ္ဘာလောက် ကြာသလိုပင်။

အညိုနှင့်အေမီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း၊ ဆရာမပြောနေသော စကားတို့သည် နားထဲ မကြားတစ်ချက် ကြားတစ်ချက်ပင်။ အပြင်က ဆရာမတစ်ယောက်ခေါ်သံကြောင့် အညိုတို့ ခေါင်းထောင်သွားသလို အညိုတို့ရှေ့မှ ဆရာမက ထထွက်သွားသည်။ အခန်းထဲ မှာ ကျန်ခဲ့ရင်း၊ အညို့ရင်တွေ အဆမတန် ခုန်လာသည်။ ဘုရားသိကြားမတို့ အညို့မှာ... အညို့မှာ ဒီရောဂါဆိုးကြီး မရှိပါစေနဲ့။ အညို ပထမ ဆုံးအကြိမ်မြောက် ကြောက်ရွံ့ထိတ်လန့်စိတ် ဝင်လာသည်။ ခဏအကြာတွင် တာဝန်ကျဆရာမအပြင် နောက်ဆရာမတစ်ယောက်ပါ ဝင်ရောက် လာရင်း...

'' သမီးတို့နှစ်ယောက်ကို သွေးစစ်ထားတဲ့အဖြေ မပြောခင် မေးချင်တယ်။ သမီးတို့ အလုပ်မှာ အကာအကွယ်မဲ့ လိင်ဆက်ဆံမိသလား ''

အညိုနှင့်အေမီ နှစ်ယောက်သား ပြိုင်တူခေါင်းညိတ်မိလိုက်သည်။

'' အိုကေ... ။ ဘာကြောင့်ရယ် မဟုတ်ပါဘူး။ အဖြေက ကောင်း သည်ဖြစ်စေ။ ဆိုးသည်ဖြစ်စေ။ ဆရာမတို့ ပေးတဲ့အကြံဉာဏ်ကို လက်ခံ ပြီး လိုက်နာမယ်၊ ကုသမှုခံယူမယ်လို့ ကတိပေးပါနော် ''

'' ဟုတ်ကဲ့ ''

အညို့ ရင်တွေပူလာသည်။ ဒီလောက်စကားပုလ္လင်ခံနေမှတော့၊ အညိုတို့မှာ ဆရာမပြောမည့် စကားတို့ကို မကြားရဲသလို၊ စိတ်တွေလည်း ဟိုရောက်ဒီရောက်နှင့်။ အညိုနှင့်အေမီတို့သည် ဆောက်တည်ရာမဲ့။ ထိုစဉ် ဆရာမမှ

'' အညို ''

အညို ခန္ဓာကိုယ်သည် ရုတ်ချည်းအေးစက်သွားတော့သည်။

'' ဟုတ်ကဲ့ ''

'' သမီးက နောက်သုံးလနေရင်၊ နောက်ထပ်တစ်ခါ သွေးစစ်ကြည့် နော်။

ဘာဖြစ်ဖြစ် သမီးဂရုတစိုက် စစ်ဆေးရမယ် ''

'' ကဲ... အေမီ။ သမီးက အိမ်ထောင်နဲ့လို့ပြောတယ်နော်။ ကလေး လည်းရှိတယ်နော်။ အဲဒါဆိုရင် မနက်ဖြန်ကို အမျိုးသားနဲ့ကလေးကို ခေါ်ပြီး ဆေးလာစစ်ပါသမီး။ သမီးမှာတော့ ဆရာမတို့ HIV positive တွေ့ တယ်။ ဒါပေမယ့် ဒါက အဆိုးရွားဆုံး မဟုတ်ပါဘူး။ သမီးက ခုမှ ကူးစက် ခံရခါစဆိုတော့ ဆရာမတို့ပေးတဲ့ဆေးကို သေချာသောက်ရင်၊ နောက် တစ်ဆင့် ရောဂါကို မရောက်နိုင်သလို၊ ကိုယ်ခံအားလည်း မကျနိုင်ပါဘူး။ အဓိကကတော့ သမီးတို့ရဲ့စိတ်ပဲ၊ စိတ်ကို မလျှော့ရဘူး။ စိတ်လျှော့ရခြင်း အားဖြင့် သမီးရဲ့ကိုယ်ထဲကို အခြားရောဂါတွေ ဝင်လာနိုင်တယ်နော် ''

အေမီက ငိုသံတိုးတိုးလေး ထွက်ပေါ်လာသည်။

အညိုသည် အေမီ့ကို ဖက်ထားရင်း...

'' မငိုပါနဲ့သမီး။ ငါတို့ရှိတာပဲ။ ဆရာမပြောသလိုဆို နင်လူ ကောင်းတစ်ယောက်လို နေလို့ရသေးတာပဲ။ ဘာစိုးရိမ်စရာရှိလဲ ''

အေမီ့ဆီက ဘာစကားသံမှ မကြားရ။ အေမီ့ ငိုသံက တဖြည်း ဖြည်းကျယ်လာသည်။ အညို ထိုင်ခုံမှ ထရင်းဖြင့် အေမီ့ လက်ကို ဆွဲထူ လိုက်သည်။

'' သမီးတို့ ခဏလေးနေပါဦး။ ဆရာမတို့ ဆေးပေးရဦးမယ်။ နောက်ထပ် ဆေးထပ်စစ်ရမယ် စောင့်နေပေးဦးနော် ''

ဆရာမက ပြောပြောဆိုဆို နောက်အခန်းတစ်ခန်းထဲသို့ ဝင်သွား သည်။ အညိုနှင့်အေမီသည် ဆေးခန်းသို့ လာသော အခြားဝေဒနာသည် များကို ကြည့်နေရင်း၊ ခေါင်းတွေ မူးလာသည်။ ရင်တွေ တုန်လာသည်။ အေမီ ဖျတ်ကနဲ ထရပ်ရင်း

'' ပြန်ရအောင် အညို ''

'' ဟဲ့ ဘာဖြစ်လို့လဲ။ နေပါဦး။ နင် ဆေးယူရဦးမယ်လေ ''

'' အညို ''

အေမီခေါ်သံက တနင့်တပိုး ထွက်လာသည်။ အညို ကြည့်လိုက် တော့၊ အေမီမျက်နှာသည် ပြုံတော့မည့် မိုးကဲ့သို့ပင်။

'' ငါသေရတော့မယ်အညို။ အနေးနဲ့အမြန်ပဲ။ ငါဆေးတွေ သောက်နေလည်း ငါသေမှာပဲ ငါကြောက်တယ်အညို။ ငါ့ကြောက်တယ်။ ငါ့ကို ကယ်ပါဦးဟယ်... ''

'' အေမီ။ နင် သတိထားစမ်း။ နင် အဲဒီ လိုဖြစ်နေလို့ မရဘူး သူ ငယ်ချင်း။ နင့်မှာ သားလေးရှိသေးတယ်။ နင် ကျန်းမာမှ ဖြစ်မယ် ''

'' ဟင့်အင်း... အညို။ ငါ ဆေးမသောက်တော့ဘူး။ ငါ ဆေး မသောက်တော့ဘူး ''

အေမီက အညို့ကို ဖက်ပြီး ငိုသည်။ အညိုကလည်း အေမီကို ပြန်ဖက်ထားရင်း၊ နောက်တစ်ခါ ဆေးစစ်ရမည့်အချိန်ကို ကြောက်ရွံ့လာ မိသည်။ အညိုသာဆိုရင်...။

***********